## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကဝ္၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဝ္၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၁၄)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# (၁၉)ကြိမ်မြောက် ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့်မီးကြာစံထွန်းညှိပူဇော်ပွဲကျင်းပ

ကလော နိုဝင်ဘာ ၁၇

(၁၉)ကြိမ်မြောက်ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာလ ၁၆ ရက် ည ၇ နာရီခွဲက ကလောမြို့ မောမြေဦးပန်းခြံ မီးရှော်တိုင်ကွင်း၌ကျင်းပသည်။

ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင်ရိုးရာမီးရှော်တိုင်နှင့်မီးကြာစံထွန်းညှိပူဇော်ပွဲကို ကလောမြို့ကိုးမြို့ရှင်နတ်နန်းတွင် စုရပ်ပြုလုပ်၍ စာမျက်နှာ ၁၁ ကော်လံ ၃ ●

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်တိုင်ကာလ၌ ခရီးသွားများဖြင့် အထူးစည်ကားခဲ့

စာ - ၁၆ သို့



## တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲ ဆဋ္ဌမနေ့တွင် မီးပုံးပျံစုစုပေါင်း ၁၈၂ လုံး လွှတ်တင်ပူဇော် ယှဉ်ပြိုင်နိုင်ခဲ့

စာ - ၁၆ သို့



## YBS 18 ယာဉ်လိုင်းကို City Bus ယာဉ်ကြီးများဖြင့် နိုဝင်ဘာလ ၂၇ ရက်မှစ၍ ပြေးဆွဲပေးမည်

စာ - ၃ သို့

## ရာပြည့်သဘင်ဆင်ယင်ကျင်းပတော့မည့် မြန်မာ့အင်ဂျင်နီယာပညာရေး

ဆောင်းပါး စာ - ၁၃ သို့

## ရွှေတိဂုံစေတီတော်သို့ ဇူလိုင်လမှ အောက်တိုဘာလအထိ လေးလတာကာလအတွင်း ဘုရားဖူးဧည့်သည် ၁၉ သိန်းကျော် လာရောက်ဖူးမြော်

စာ - ၁၀ သို့

## ပွင့်ဖြူမြို့နယ်၌ သီးနှံအထွက်နှုန်းကောင်းမွန်ရေးအတွက် မဲဇလီရေလွှဲဆည်မှ သီးနှံအောင်ရေများ အလုံအလောက် ဖြန့်ဝေပေးလျက်ရှိ

စာ - ၆ သို့


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။
ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊
Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
Myanmar MOBILE MONEY anywhere anytime anyone
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်)

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်မူပိုင်ခွင့်

နိုင်ငံတကာတွင် နည်းပညာများနှင့်ယှဉ်ပြိုင်မှုများအရှိန်အဟုန်ဖြင့် တိုးတက်လာမှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးလာမှုကြောင့် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များသည် ကဏ္ဍအသီးသီးတွင် ပိုမိုအရေးပါလျက်ရှိသည်။ မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့်ယှဉ်ပြိုင်နိုင်စွမ်းမြင့်မား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့တစ်ခုဖြစ်လာသည်။ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်တည်ထောင်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မူပိုင်ခွင့်ဥပဒေ(၄)ရပ်အနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများသည် ၂၀၂၃ ခုနှစ်တွင်အာဏာတည်ခဲ့ပြီး မူပိုင်ခွင့်လျှောက်ထားခြင်းများကို လက်ခံဆောင်ရွက်လျက်ရှိသည်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေသည် ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်တွင် အာဏာတည်ခဲ့ပြီး အောက်တိုဘာလ ၃၁ ရက်တွင် မူပိုင်ခွင့်ဥပဒေအရတီထွင်မှုလျှောက်ထားချက်များကို စတင်လက်ခံလျက်ရှိရာ မူပိုင်ခွင့်ဥပဒေလေးခုလုံးကို ပြည့်ဝစွာဆောင်ရွက်နိုင်ပြီဖြစ်သည်။

မူပိုင်ခွင့်ဥပဒေနှင့်ပတ်သက်၍မျှော်မှန်းချက်အဖြစ် "စီးပွားရေးဂေဟစနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်လာစေရန်" ဟူ၍ သတ်မှတ်ထားသကဲ့သို့ ရည်မှန်းချက်အဖြစ် မူပိုင်ခွင့်အသုံးပြုခြင်းကို အားပေးမြှင့်တင်ရန်၊ ယုံကြည်စိတ်ချရသော မူပိုင်ခွင့်ဝန်ဆောင်မှုများပေးရန်နှင့် မူပိုင်ခွင့်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ရန်ဟူ၍ ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် တီထွင်ဆန်းသစ်မှုနှင့်ဖန်တီးမှုများမြင့်မားတိုးတက်လာစေရေးအတွက် မူပိုင်ခွင့်များအားထိရောက်စွာအကာအကွယ်ပေးနိုင်မည်ဖြစ်သည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်တွင် အမှတ်တံဆိပ်ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကိုအခြားသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများနှင့်ခွဲခြားသိရှိစေနိုင်သော ကိုယ်ပိုင်အမည်နာမများ၊ အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသောအစိတ်အပိုင်းများ၊ အရောင်အသွေးပေါင်းစပ်မှုတို့အပါအဝင် မျက်စိဖြင့်မြင်တွေ့နိုင်သောအမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းအမှတ်အသားတစ်ခုနှင့်တစ်ခု ပေါင်းစပ်ထားသည့်အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း ဆိုလိုခြင်းဖြစ်သည်။ ကုန်အမှတ်တံဆိပ်ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ၏ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သောအမှတ်တံဆိပ်တစ်ခုခုကိုဆိုလိုခြင်းဖြစ်သည်။

စက်မှုဒီဇိုင်းမူပိုင်ခွင့်သည် စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတစ်ခုခုကိုဆိုလိုသည်။ ထုတ်ကုန်၏သွင်ပြင်လက္ခဏာ သို့မဟုတ် အလှအပအဆင်တန်ဆာ သို့မဟုတ် အပြင်ပန်းပုံသဏ္ဌာန်ကိုဆိုလိုသည်။ စက်မှုဒီဇိုင်းတစ်ခုတွင်မျဉ်းကြောင်း၊ ကောက်ကြောင်းများနှင့် အရောင်အသွေးတို့ပါဝင်သောနှစ်ဖက်မြင်အသွင်သဏ္ဌာန်နှင့် ထုတ်ကုန်၏ပုံစံကဲ့သို့ သုံးဖက်မြင်အသွင်သဏ္ဌာန်တို့ပါဝင်သည်။ စက်မှုဒီဇိုင်းသည်ဒီဇိုင်းအသစ်ဖြစ်ခြင်း၊ တုပမှုကင်းစွာဖန်တီးထားခြင်းမျိုးဖြစ်ရမည်။ စက်မှုဒီဇိုင်းတွင်နည်းပညာဆိုင်ရာ သို့မဟုတ် လုပ်ဆောင်ချက်ဆိုင်ရာဖန်တီးပြုလုပ်ခြင်း၊ နိုင်ငံတော်အလံများ၊ နိုင်ငံအကြီးအကဲများ၏ပုံတူရုပ်တုများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏သင်္ကေတ၊ အမှတ်တံဆိပ်များနှင့်တူညီခြင်းတို့အတွက် အကာအကွယ်မရရှိနိုင်သောစက်မှုဒီဇိုင်းများအဖြစ်သတ်မှတ်ထားသည်။

တီထွင်မှုမူပိုင်ခွင့်စနစ်နှင့်ပတ်သက်၍ လူသားတို့၏အသစ်တီထွင်ဖန်တီးမှုမှန်သမျှကို တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ အကာအကွယ်ပေးသောစနစ်ဖြစ်သည်။ တီထွင်မှုအသစ်များထွက်ပေါ်လာရေးကိုအားပေးသောစနစ်ဖြစ်သည်။ တီထွင်မှုဆိုင်ရာနည်းပညာအချက်အလက်များကို ပြည်သူလူထုသိရှိစေရန်နှင့်အသုံးချနိုင်ရန် ထုတ်ပြန်ကြေညာပေးသည့်စနစ်ဖြစ်သည်။ တီထွင်မှုမူပိုင်ခွင့်အမျိုးအစားများနှင့်ပတ်သက်၍ တီထွင်မှုမူပိုင်ခွင့်နှင့် အသေးစားတီထွင်မှုမူပိုင်ခွင့်တို့ဖြစ်သည်။ တီထွင်မှုမူပိုင်ခွင့်သည် နည်းပညာနယ်ပယ်ရှိ သီးခြားအခက်အခဲပြဿနာတစ်ရပ်ရပ်ကိုဖြေရှင်းပေးနိုင်သည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ အကာအကွယ်ပေးသည့်စနစ်ဖြစ်သည်။ တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုပေးရန်လိုအပ်ချက်များမှာအသစ်ဖြစ်ခြင်း၊ အဆင့်တစ်ရပ်ပါရှိခြင်းနှင့်စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် အသုံးချနိုင်ခြင်းတို့ဖြစ်သည်။

စာပေနှင့်အနုပညာမူပိုင်ခွင့်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့်ဆက်နွှယ်သည့်အခွင့်အရေးများဟူ၍ နှစ်မျိုးရှိသည်။ စာပေ သို့မဟုတ် အနုပညာလက်ရာများကို စတင်ဖန်တီးသူများ(စာပေရေးသားသူများ၊ အနုပညာလက်ရာများကိုဖန်တီးသူများ)နှင့် ဆင့်ပွားလက်ရာများကိုဖန်တီးသူများ(ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း)တို့သည် စာပေနှင့်အနုပညာမူပိုင်ခွင့်ရရှိသူများဖြစ်သည်။ ဖျော်ဖြေသူများ(ဂီတပညာရှင်၊ အဆိုတော်၊ သရုပ်ဆောင်၊ အကပညာရှင်)၊ ဖိုနိုဂရမ်ထုတ်လုပ်သူများ (တေးသံသွင်းထုတ်လုပ်သူ)နှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်းများ (ရေဒီယို၊ ရုပ်မြင်သံကြားထုတ်လွှင့်သည့်အဖွဲ့အစည်းများ)သည် ဆက်နွှယ်သည့်အခွင့်အရေးရရှိသူများဖြစ်သည်။ အကာအကွယ်ရရှိသည့်လက်ရာများမှာ စာပေလက်ရာများ၊ ဂီတလက်ရာများ၊ ပြဇာတ်လက်ရာများ၊ ရုပ်ရှင်လက်ရာများ၊ အရုပ်အသံလက်ရာများ၊ အနုပညာဖန်တီးမှုလက်ရာများနှင့် ဆင့်ပွားလက်ရာများဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရှင်တို့၏လူမှုစီးပွားဘဝမြင့်မားရေးအတွက် မူပိုင်ခွင့်ဥပဒေများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၁-၂၀၂၄(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း | ၁၀။ | ၁၀:၅၀ | တစ်ချိန်က သူတို့အကြောင်း |
| ၂။ | ၀၆:၀၃ | တရားတော် | ၁၁။ | ၁၆:၃၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၃။ | ၀၇:၁၆ | မေတ္တာပို့ | ၁၂။ | ၁၆:၃၅ | သီချင်းလက်ဆောင် |
| ၄။ | ၀၇:၂၀ | ခမ္မပူဇာတေး | ၁၃။ | ၁၆:၄၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၀၇:၃၅ | မျိုးချစ်တပ်မတော် | ၁၄။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၆။ | ၀၇:၄၅ | မြန်မာ့ရှုခင်း | ၁၅။ | ၁၈:၅၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၇။ | ၀၈:၂၀ | ရှေးဟောင်းသုတ | ၁၆။ | ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမသစ်ကြီး** |
| ၈။ | ၀၈:၂၅ | သီချင်းလက်ဆောင် | | | **တရုတ်-မြန်မာအခန်းကဏ္ဍ** |
| ၉။ | ၁၀:၁၅ | စာဆိုစစ်သည်ကလောင်ရှင်များ | | | **အပိုင်း(၁/၂)** |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မန္တလေးဈေးကွက်အတွင်း မြေပြန့်ဒေသမှထွက်ရှိသည့်ပြောင်းဖူးများ ဝယ်လိုအားများပြီး အရောင်းအဝယ်သွက်နေ



မန္တလေး နိုဝင်ဘာ ၁၇

မန္တလေးဈေးကွက်အတွင်း မြေပြန့်ဒေသမှထွက်ရှိသည့် ပြောင်းဖူးများ ဝယ်လိုအားများပြီး အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးမှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်၏ပြောပြချက်အရ သိရသည်။

ယခုအခါ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသတချို့မှအပ ကျန်ဒေသများမှ ပြောင်းဖူးများထွက်ရှိခြင်းမရှိသည့်အတွက် ဈေးကွက်အတွင်း ကုန်ပစ္စည်းအဝင်နည်းနေပြီး မှာယူမှုများနေခြင်းကြောင့် မန္တလေးဈေးကွက်၌ ပြောင်းဖူးများဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်လျက်ရှိသည်။

"ပြောင်းဖူးကို ရန်ကုန်မြို့အပါအဝင် တခြားမြို့ကြီးတွေကလည်း မန္တလေးဘက်ကို လှမ်းမှာနေကြတာတွေရှိတယ်။ မန္တလေးဈေးကွက်ထဲကိုလည်း လက်ရှိမှာ မန္တလေးတိုင်းဒေသကြီးထဲက ကျေးရွာတချို့ကလွဲလို့ တခြားဒေသတွေက ပြောင်းဖူးတွေ ဝင်ရောက်ခြင်းမရှိတော့တဲ့အတွက် ကုန်ပစ္စည်းအဝင်နည်းနေပြီး ဝယ်လိုအားများနေပါတယ်" ဟု ဦးအောင်မိုးနိုင်ကပြောသည်။

ယခုရက်ပိုင်းအတွင်း မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ပြောင်းဖူးအိတ် ၃၅၀ မှ ၄၀၀ ကြားသာ ဝင်ရောက်၍ ပွဲရုံသုံးခုခန့်၌သာ ပြောင်းဖူးများ အဝင်အထွက်ရှိကြောင်း၊ ဈေးကွက်သို့ဝင်ရောက်လာသော ကုန်ပစ္စည်းများမှာလည်း နေ့ချင်းကုန်သွားသည့်အခြေအနေတွင်ရှိကြောင်း သိရသည်။

မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများမှ အဓိကအားထားရသော ကုန်စိမ်းဈေးကြီးဖြစ်ပြီး ဒေသအစုံမှထွက်ရှိသော ကုန်စိမ်းသီးနှံများကို လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ယခုနှစ်မိုးရာသီတွင် နယ်ဒေသတချို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် တခြားသီးနှံများနည်းတူ ပြောင်းစိုက်ခင်းတချို့လည်း ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

# YBS 18 ယာဉ်လိုင်းကို City Bus ယာဉ်ကြီးများဖြင့် နိုဝင်ဘာလ ၂၇ ရက်မှစ၍ ပြေးဆွဲပေးမည်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး၌ YBS 18 ယာဉ်လိုင်းကို City Bus ယာဉ်ကြီးများဖြင့် ထောက်ကြန့်မြို့ လှော်ကားလမ်းခွဲမှ ဒဂုံ(တောင်ပိုင်း)မြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)အထိ နိုဝင်ဘာလ ၂၇ ရက်မှစ၍ ပြေးဆွဲပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ သိရသည်။

ထိုသို့ပြေးဆွဲရာတွင် ခရီးစဉ်လမ်းကြောင်းအနေဖြင့် (ဂိတ်ရင်း) လှော်ကားလမ်းခွဲ – ထောက်ကြန့်လမ်းဆုံ – ဝါယာလက် – ခရေပင်လမ်းခွဲ– အမှတ်(၃)လမ်းဆုံ – အောင်မင်္ဂလာအဝေးပြေး – (၆) ကွေ့ – သုဓမ္မာလမ်း – မြောက်ဥက္ကလာပအဝိုင်း – ဘောလီ – စံပြဈေး – တောင်/မြောက်လမ်းဆုံ – ယဉ်ကျေးမှုတက္ကသိုလ်(ဂိတ်ဖျား) လမ်းကြောင်းအတိုင်း ပြေးဆွဲပေးမည်ဖြစ်သည်။

" YBS 18 ယာဉ်လိုင်းက အရင်တုန်းက Mini Bus ယာဉ်တွေနဲ့ ပြေးဆွဲခဲ့တဲ့ ယာဉ်လိုင်းတစ်လိုင်းဖြစ်ပါတယ်။ ယာယီရပ်နားထားခဲ့တာ လအနည်းငယ်လောက်ရှိသွားပြီဖြစ်လို့ နိုဝင်ဘာလ ၂၇ ရက်ကစပြီး ပြန်လည်ပြေးဆွဲပေးဖို့ စီစဉ်ထားပါတယ်။ အဲဒီလိုပြန်လည်ပြေးဆွဲရာမှာလည်း အရင်ကပြေးဆွဲပေးနေတဲ့ Mini Bus ယာဉ်တွေထက် ခရီးသည်ဦးရေ ပိုမိုဝင်ဆံ့မယ့် City Bus ယာဉ်ကြီးတွေနဲ့ ပြန်လည်ပြေးဆွဲပေးမှာပါ" ဟု ခေတ်သစ်ဘုရင့်နောင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါယာဉ်လိုင်းလမ်းကြောင်းခရီးစဉ်တွင် လိုက်ပါစီးနင်းကြသော ခရီးသွားပြည်သူများအဆင်ပြေစေရန် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)နှင့် ခေတ်သစ်ဘုရင့်နောင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းကာ ယခုကဲ့သို့ City Bus ယာဉ်ကြီးများဖြင့် ပြန်လည်ပြေးဆွဲပေးရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၏ စီမံကွပ်ကဲမှုအောက်တွင် YBS ကုမ္ပဏီပေါင်း ၂၀ ကျော်၊ ယာဉ်လိုင်းပေါင်း ၁၃၁ လိုင်းခန့်မှ YBS ယာဉ်အစီးရေ ၃၅၀၀ ကျော် ပြေးဆွဲလျက်ရှိပြီး တစ်ရက်လျှင် ခရီးသည်ဦးရေ ၁၄ သိန်းခန့် လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

# တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၉၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ နှစ်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ နိုဝင်ဘာလ ၁၁ ရက်မှ ၁၄ ရက်အထိ တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၉၀၀ ကျော် တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ နှစ်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများ၏ အရောင်းအဝယ်ပြုလုပ်မှုအနေဖြင့် စုစုပေါင်း ငွေကျပ် ၉၁၄၃၂၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၁၁၀၅ စောင်ကို အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

FMI ကုမ္ပဏီမှ ငွေကျပ် ၄၅၉၃၈၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၅၂၅၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၂၅၈၇၈၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၇၈၆၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၃၁၀၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၃၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၁၉၃၄၁၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၀၁၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၂၄၅၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၈၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၅၉၉၀၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၃၅၄၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၂၀၂၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၇၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ၂၇၀ ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၉၉၃၁၇၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၃၀၂၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

တစ်ပတ်တာကာလအတွင်း စာရင်းဝင်ကုမ္ပဏီရှစ်ခုအနက် ကုမ္ပဏီတစ်ခုမှအပ ကျန်ကုမ္ပဏီခုနစ်ခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ကျဆင်းခဲ့သောကြောင့် ပြီးခဲ့သည့်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက စုစုပေါင်းစတော့ရှယ်ယာအစောင်ရေ ငါးပုံနှစ်ပုံကျော် အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရသည်။

ခန့်ခန့်



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

"ဆရာရယ် ဆရာက ရှစ်တန်းမှာလည်း သင်ပြဖူးပြီးသားဖြစ်တယ်၊ ကျောင်းသားတွေကလည်း ဆရာဦးဘညွန့်သင်ပြတာကိုကြိုက်တယ်လို့ ပြောနေကြတယ်"

"တစ်နေ့မှ တစ်ချိန်လေးပါ ဆရာရယ်၊ ဆရာ ရှစ်တန်း မြန်မာစာဝင်နေချိန်ဆို ကျွန်မ ဆရာ့စတုတ္ထတန်းကိုလာပြီး သင်္ချာပြပေးပါ့မယ်ဆရာ"

ကျောက်ဖြူသူဆရာမ ကျွန်တော့်ကို မလွှတ်ထွက်နိုင်အောင် ချည်နှောင်၊ တုပ်နှောင်ပေပြီ။

"ဩော် ဆရာမရယ် ဆရာမတို့၊ ကျွန်တော်တို့က အုပ်ချုပ်သူရဲ့စီမံခန့်ခွဲမှုအောက်မှာ အလုပ်လုပ်နေကြတာပါ။ ကျွန်တော်တို့ ကိုယ့်စိတ်နဲ့ကိုယ် ဟုတ်လှပြီဆိုပြီးလုပ်လို့ အဆင်မပြေနိုင်ဘူးနော်။ ကျောင်းအုပ်ဆိုတာရှိတယ်လေ၊ သူ့ရဲ့လမ်းညွှန်မှုနဲ့ခွင့်ပြုချက်ကို ယူရမှာဗျ"

"ဟုတ်ပါတယ်ဆရာ။ အဲဒါသိလို့ ကျွန်မဆရာကြီးကို အရင်သွားပြောတာလေ၊ ဆရာကြီးက ဆရာဦးဘညွန့်နဲ့သွားညှိဖို့ ပြောလိုက်ပါတယ်ဆရာ"

ကျွန်တော် ချောင်ပိတ်ခံနေရလေပြီကော။ လေကိုခပ်ပြင်းပြင်းရှူသွင်းပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ ဆရာမကတော့ ပွဲပြီးသွားပြီဟု ယူဆလိုက်ပုံရသည်။ ကျွန်တော့်ကိုရယ်လျက်ကြည့်ပြီး ပြောလိုက်ပြန်သည်။

"ဘယ်လိုလဲ ဆရာ"တဲ့

"ကဲ ကဲ ဆရာမရယ်၊ ကျွန်တော်အတတ်နိုင်ဆုံး ကြိုးစားကြည့်ပါ့မယ်။ ကျွန်တော် ရွာခံဆရာတစ်ယောက်အနေနဲ့ ဩ့ကောင်းအတွက် ကျေးရွာတာဝန်ကျေပေးပါ့မယ်ဗျာ"

"ကျေးဇူးပါပဲ ဆရာ"

"ဒါနဲ့ နေပါဦး ဆရာမ"

ဆရာမ ကျွန်တော့်ကို စိုက်ကြည့်နေသည်။

"ကျွန်တော် ဒီလို ရှစ်တန်းမှာ မြန်မာစာသင်ပြတာနှစ်စ နှစ်ဆုံးတော့ မဖြစ်နိုင်ဘူးနော်။ ဆရာမအတွက်ရော ကျွန်တော့်အတွက်ပါ အဆင်မပြေနိုင်လို့ပါဗျာ"

"ဟုတ်ကဲ့ပါဆရာ ဟုတ်ကဲ့၊ နှစ်လလောက်တော့ ကူညီပါဆရာ၊ ဆရာသင်ပြတာတွေ ကျွန်မ လေ့လာချင်လို့ပါ"

"ဩော် ဆရာမတို့ကို ဆရာဖြစ်သင်တန်းက သင်ပုံနည်းစနစ်တွေကို သင်တန်းက ပို့ချသင်ပြပြီးသားလို့ ကျွန်တော်သိရပါတယ်"

"ဟုတ်တော့ ဟုတ်ပါတယ်ဆရာ၊ ဒါပေမဲ့ ဆရာ့ကို ကျွန်မရိုန်နေတာလည်းပါတယ်ပေါ့ဆရာ"

"ကျွန်တော့်ကို ဘာမှရိုန်မနေနဲ့၊ ကျွန်တော်က အလကားလူ၊ အသုံးမကျတဲ့လူ၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်ခွင့်မလွှတ်ဘူးဗျာ"

ကျွန်တော့်ဘဝကိုတွေးပြီး ရင်ထဲမကောင်းဖြစ်သွားပြီး အသံခပ်မာမာပြောထွက်သွားသည်။

"ဆရာက ဘယ်လိုလုပ် အလကားလူဖြစ်မှာလဲ၊ ဆရာ့ကို အင်မတန်တော်တဲ့ လူတော်လို့ ကျွန်မတို့ နားလည်ထားပါတယ်"

"ဟုတ်ပါပြီ ဆရာ ဟုတ်ပါပြီ၊ ကျေးဇူးပါ နှစ်လ၊ နှစ်လ"

အလယ်တန်းပြဆရာမ လက်ကလေးနှစ်ချောင်း ထောင်ပြရင်း ရယ်လျက်ထွက်သွားလေသည်။

● ● ● ● ● ● ●

၁၉၈၃ ခုနှစ်တွင် ကျွန်တော်သည် မြေပုံမြို့နယ်မှ မူလတန်းပြဆရာဖြစ်သင်တန်းတက်ခွင့်ရခဲ့သည်။ ကျောက်ဖြူဆရာအတတ်သင်ကျောင်းကို ကျွန်တော်ရောက်သွားချိန်တွင် ကျောင်းအုပ်ဆရာမကြီးမှာ ဒေါ်တင်မေဖြစ်နေပေသည်။ ဒေါ်တင်မေသည် ကျွန်တော် ရှစ်တန်း နှစ်နှစ်၊ ကိုးတန်း နှစ်နှစ် စုစုပေါင်းလေးနှစ်တိုင်တိုင် အထက်တန်းပညာကို သင်ယူခဲ့တုန်းက အစိုးရအထက်တန်းကျောင်း (တန်းမြင့်ကျောင်း)၏ ကျောင်းအုပ်ဖြစ်သည်။ ဆရာမ ဒေါ်မာဘီကိုတွေ့သည်။ ဆရာမ ဒေါ်မာဘီသည် ၁၉၆၆-၁၉၆၇ ခုနှစ်များတွင် နဝမတန်း (C) ၌ ကျွန်တော်တက်ရောက်ခဲ့တုန်းက အတန်းပိုင်ဆရာမဖြစ်ပြီး သင်္ချာဘာသာပြဆရာမဖြစ်သည်။

"ဆရာမ"

ကျွန်တော်လှမ်းခေါ်လိုက်တော့ ဆရာမဒေါ်မာဘီ ကျွန်တော့်ကို လှည့်ကြည့်ပြီး စူးစမ်းဟန်ပြုသည်။

"ကျွန်တော် ဘညွန့်ပါ၊ ၁၉၆၆-၁၉၆၇ ခုနှစ်က နဝမတန်း (C)မှာ နေခဲ့တာလေ ဆရာမ"

"ဟာ ငါ့တပည့် ဘညွန့်ကိုး၊ ဆရာမ ဝမ်းသာလိုက်တာ၊ လာ လာ လာ ထိုင်ပါ"

"ဆရာမက မောင်ဘညွန့်တစ်ယောက် ပျောက်သွားလိုက်တာ၊ ဘယ်ဘဝတွေများ ရောက်နေသလဲလို့၊ ဆရာမ သတိရတယ်"

"ကျောင်းဆရာအဖြစ်နဲ့ ပြန်တွေ့ရတာ ဆရာမ ဝမ်းသာလိုက်တာ၊ တော်တော်တောင်ကြာပြီနော်"

"ဟုတ်တယ် ဆရာမ၊ ဘဝတွေကကြမ်းပါတယ်၊ ကျောင်းကထွက်ပြီး ၁၂ နှစ်အကြာမှာမှ ကျွန်တော် ဆယ်တန်းအောင်လို့ ကျောင်းဆရာဖြစ်တာပါ။ ၁၉၇၉ ခုနှစ်ပေါ့၊ ဆယ်တန်းကို ကျွန်တော် ဒီမှာပဲ လာဖြေခဲ့တာပါ"

"အေး ဟုတ်ပါပြီ၊ ဘာပဲဖြစ်ဖြစ် ဆရာမတပည့်ကို ကျောင်းဆရာအဖြစ်နဲ့ ပြန်တွေ့ရတာကိုပဲ ဝမ်းသာလှပါပြီ"

"မြေပုံမြို့နယ် ပညာရေးမှူးရုံးကပို့တဲ့ သင်တန်းတက်ရမယ့်စာရင်းမှာတော့ မောင်ဘညွန့်ဆိုတာ သတိထားမိတယ်။ ဆရာမတပည့်များဖြစ်နေမလားပေါ့။ နောက်တော့လည်း မဖြစ်လောက်ပါဘူးလို့ စိတ်လျှော့လိုက်တယ်"

"ခု တကယ် ငါ့တပည့် မောင်ဘညွန့်ဖြစ်နေတာကိုး၊ ဆရာမ ဝမ်းသာလိုက်တာကွယ်"

ဆရာမ ဒေါ်မာဘီသည် ကျွန်တော့်ကို ရုံးခန်းထဲမှ ထွက်ပြီး ဝရန်တာနားအထိ လိုက်ပို့သည်။

နောက် ရုံးစာရေးကြီးကို ဝင်နှုတ်ဆက်သည်။ ရုံးစာရေးကြီး ဦးသန်းညွန့်မှာ ၁၉၆၀ ပြည့်နှစ်က ကမ်းထောင်းကြီးရွာ စာစစ်ဌာန၌ စတုတ္ထတန်းဖြေကြရာတွင် ကျွန်တော်နှင့်အတူတူပင်ဖြစ်သည်။ သူ့အဖေ ဦးသကြိန်အောင်မှာ တောင်ကုတ်မြို့နယ် မအီမြို့ဇာတိဖြစ်သည်။ မူလတန်းကျောင်းအုပ်ဘဝဖြင့် မြေပုံမြို့နယ် ပေါက်တူးတောင်ရွာတွင် တာဝန်ထမ်းဆောင်စဉ် သန်းညွန့်နှင့် ကျွန်တော် ဆုံခဲ့ကြခြင်းဖြစ်သည်။ စတုတ္ထတန်းအောင်ပြီး ကျောက်ဖြူမြို့မှာ ကျောင်းနေကြတော့လည်း အမှတ်(၁) အစိုးရအလယ်တန်းကျောင်း(ပိုက်ဆိပ်ကျောင်း)မှာပဲ အတူတက်ခဲ့ကြသည်။ သတ္တမတန်းအောင်လို့ အထက်တန်းကျောင်းပြောင်းကြတော့လည်း ကျွန်တော်နှင့်အတူတူပင်ဖြစ်သည်။ သူက စာမေးပွဲတွေ တောက်လျှောက်အောင်ပြီး ခုဆို ဘွဲ့ရဖြစ်နေပြီ။ ဥပဒေဘွဲ့ရထားပြီး မူလတန်းဆရာအတတ်သင်ကျောင်းမှာ စာရေးကြီးလုပ်နေသည်ကို ကျွန်တော် အံ့ဩသလို ဖြစ်သွားသည်။ **ဆက်လက်ဖော်ပြပါမည်။**

## ကမမောင်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



ကမမောင်း နိုဝင်ဘာ ၁၇

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ သံလွင်ဦး မြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာလ ၁၇ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖာပွန်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးအန္တရာယ် ပေါ်ပေါက်လာပါက မီးသတ်ဆေးဘူးသုံးစွဲပြီး အလျင်အမြန်မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးသုံးစွဲပုံနည်းစနစ်များကို လက်တွေ့သရုပ်ပြသင်ကြားပေးရာ ကမမောင်းမြို့ ဈေးသူဈေးသားများက ပူးပေါင်းပါဝင် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး၊ ဖာပွန်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကမမောင်းမြို့ အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်ဈေးသူဈေးသားများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

## သာကေတမြို့နယ် အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်း၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်းမှကြီးမှူး၍ ယဉ်ကျေးလိမ္မာသင်တန်းကို နိုဝင်ဘာလ ၁၆ ရက်က ၆/ အနောက်ရပ်ကွက် ဇမ္ဗူသီရိလမ်းမကြီးရှိ အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါယဉ်ကျေးလိမ္မာသင်တန်းတွင် ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်းမှ ဆရာ၊ ဆရာမများက အပတ်စဉ် စနေနေ့တိုင်း နံနက် ၉ နာရီမှ ၁၁ နာရီအထိ သင်ကြားပေးလျက်ရှိပြီး သင်တန်းသို့ အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၈၀ ဦး တက်ရောက်ကြသည်။

သင်တန်းတက်ရောက်သော ကျောင်းသား၊ ကျောင်းသူများကို ၆/ အနောက်ရပ်ကွက်နေ အလှူရှင်မိသားစုက အာဟာရများ ကျွေးမွေးလှူဒါန်းကြသည်။

သင်တန်းကာလ ကြာလာသည်နှင့် အမျှ သင်ခန်းစာများ တိုးမြှင့်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းဖွင့်လှစ်လိုပါက ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှမျိုး ဖုန်း-၀၉-၅၀၇၉၆၇၄၊ ဒုတိယဥက္ကဋ္ဌ-၁ ဦးမြင့်သိန်း ဖုန်း-၀၉ -၅၁၄၃၉၉၈၊ ဒုတိယဥက္ကဋ္ဌ-၂ ဦးအောင်မြင့် ဖုန်း-၀၉-၅၁၈၂၄၅၅ နှင့် ရုံးဖုန်း-၀၁-၃၈၂၉၃၅၊ ၀၉-၇၈၅၃၈၂၉၃၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ပြည်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကွင်းဆင်းကြည့်ရှုအားပေး





ပြည် နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အတူ ယနေ့နံနက်ပိုင်းတွင်ပြည်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့နယ်ဧရာဝတီမြစ်အတွင်း ရွှေဘုံသာရေလမ်းကောင်းမွန်မှုရှိစေရေး သောင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကမ်းထိုးရေယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အဆိုပါရေယာဉ်ပေါ်တွင် တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တရားမဝင်ကုန်ပစ္စည်းများ သယ်ယူမှုမရှိစေရေး ကြီးကြပ်စစ်ဆေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကာ သောင်တူးဖော်ယာဉ်ပေါ်သို့ တက်ရောက်၍ သောင်တူးဖော်နေသည့်အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ ခေတ္တရာရေပန်းဥယျာဉ် ဘက်စုံအဆင့်မြှင့်တင်နေမှု၊ ကမ်းနားလမ်း အဆင့်မြှင့်တင်ထားရှိမှုနှင့် အများပြည်သူ အပန်းဖြေနေမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပန်းတောင်းမြို့နယ် ကျွန်းမီးကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်းမြေပဲပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိရေး တစ်ကွင်းတစ်ဆက်တည်း ဧက ၂၀၀၀ စံပြကွက်စိုက်ပျိုးနေမှုအား ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ နေကြာနှင့် အစေ့ထုတ်ပြောင်းအား သီးညှပ်ထည့်သွင်းစိုက်ပျိုးသွားရန် မှာကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆိတ္တဲ-ဂျင်းရဲကျွန်း-ကျွန်းကလေး-ကျွန်းမီးကျေးရွာချင်းဆက်လမ်း ၂ မိုင်အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပန်းတောင်းမြို့နယ် ရေဝင်ကျေးရွာရှိ တောင်သူ ဦးလှဌေး၏ မိုးစပါးစံပြကွက် ၁၀ ဧကရိတ်သိမ်းနေမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လယ်ကန်သင်းများတွင် ငှက်ပျောပင်များ၊ သီးပင်စားပင်များ စိုက်ပျိုးသွားရန်နှင့် သဘာဝမြေဩဇာအား အချိုးကျသုံးစွဲနိုင်ရေး အသိပညာပေးပြောကြားသည်။ အဆိုပါမိုးစပါးရိတ်သိမ်းပွဲတွင် တစ်ဧကလျှင် စပါးအစိုတင်း ၁၂၈ ဒသမ ၁၃ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ကော့သောင်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်



ကော့သောင်း နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့၌ ခရိုင်မီးသတ်ဦးစီးဌာနဦးဆောင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ယနေ့နံနက် ၈ နာရီခန့်တွင် ကော့သောင်းမြို့မဈေး၊ လဟာပြင်ဈေးနှင့် ဘုရင့်နောင်ဈေးတို့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်း ဦးဆောင်သည့် သန္နေတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး ဦးကိုကိုကြီးဦးဆောင်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးသတ်ယာဉ် နှစ်စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ High Pressure Pump တစ်လုံး၊ လူနာတင်ယာဉ်တစ်စီးတို့ဖြင့်သွားရောက်၍ မြို့နယ်စည်ပင်မှ တာဝန်ရှိသူများ၊ ဈေးကော်မတီများနှင့် ဈေးသူ၊ ဈေးသားများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးအဖြစ်ဈေးများရှိရေငုတ်များနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများစစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် လူနာကယ်ခြင်း၊ မီးငြိမ်းသတ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈˚C | / | ၃၂˚C |
| ရန်ကုန် | ၂၁˚C | / | ၃၄˚C |
| မန္တလေး | ၁၈˚C | / | ၃၂˚C |


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပွင့်ဖြူမြို့နယ်၌ သီးနှံအထွက်နှုန်းကောင်းမွန်ရေးအတွက် မဲဇလီရေလွှဲဆည်မှ သီးနှံအောင်ရေများ အလုံအလောက်ဖြန့်ဝေပေးလျက်ရှိ

ပွင့်ဖြူ နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ မိုးစပါးနှင့် တခြားမိုးသီးနှံ စိုက်ခင်းများ အထွက်နှုန်းကောင်းမွန်စေရန် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် သီးနှံအောင်ရေများ အလုံအလောက်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ဒေသခံတောင်သူတွေက မဲဇလီရေလွှဲဆည်ရေကိုအမှီပြုပြီး မိုးစပါးနဲ့ တခြားမိုးသီးနှံ စုစုပေါင်း ၁၂၈၆၃၃ ဧက စိုက်ပျိုးထားပါတယ်။ ဒီနှစ်မှာ မိုးရွာသွန်းမှုကလည်းကောင်းလို့ တောင်သူတွေ အားထားစိုက်ပျိုးတဲ့ မိုးသီးနှံစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ဆည်ရေ လေလွင့်ဆုံးရှုံးမှုမဖြစ်စေဖို့အတွက် ကျေးရွာတွေမှာ ဖွဲ့စည်းထားတဲ့ ရေအသုံးချသူများအဖွဲ့ (WUG) တွေနဲ့ ပူးပေါင်းပြီး တောင်သူတွေကို သီးနှံအောင်ရေ စနစ်တကျရယူသုံးစွဲတတ်အောင် ကွင်းဆင်းဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းကပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေကို အမှီပြု၍ စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ နှံစားပြောင်း စသည့်သီးနှံများကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် စိုက်ပျိုးရေနှင့်သီးနှံအောင်ရေ အပြည့်အဝရယူသုံးစွဲနိုင်အောင် စနစ်တကျ ဖြန့်ဖြူးပေးဝေသည့်အတွက် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ လုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)




# မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ကဘင်းကျေးရွာ၌ မိုးစပါးစံပြကွက်ရိတ်သိမ်း

မြိတ် နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ကဘင်းကျေးရွာရှိ တောင်သူဦးထွန်းဝင်း၏ လယ်ယာစိုက်ကွက်၌ မိုးစပါးစံပြကွက် ရိတ်သိမ်းခြင်းကို နိုဝင်ဘာလ ၁၇ ရက်တွင် ဆောင်ရွက်သည်။

အဆိုပါ မိုးစပါးစံပြကွက်ရိတ်သိမ်းခြင်းကို ကျောက်ဖျာကျေးရွာအုပ်စု ကဘင်းကျေးရွာရှိ ကွင်းအမှတ် (၁၇၃/က) ဦးပိုင်အမှတ် (၄၃) တောင်သူဦးထွန်းဝင်း၏စိုက်ကွက်၌ ဆင်းသုခမျိုးမိုးစပါးကို ရိတ်သိမ်းရာ တစ်ဧကလျှင် ၉၈ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ မြိတ်ခရိုင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြိတ်မြို့နယ် ဆည်မြောင်းနှင့်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ မြိတ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၁၂)




# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး ရပ်ကွက် / ကျေးရွာများ၌ အသိပညာပေးဟောပြောခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းများဆောင်ရွက်

ကျောက်ဆည် နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျောက်ဆည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာလ ၁၆ ရက်က ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး ရပ်ကွက်/ကျေးရွာများ၌ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသော ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများကို စားသောက်မိရာမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ကြောင်း၊ ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန် ဆောင်းအကူးကာလများတွင် အဖြစ်များကြောင်း၊ ရောဂါမဖြစ်ပွားစေရေး အစာမစားမီ၊ အစားအစာပြင်ဆင်ချိန်၊ အညစ်အကြေးနှင့်အမှိုက်များကိုင်တွယ်ပြီးချိန်၊ အိမ်သာမှဆင်းချိန်တို့တွင် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ စနစ်တကျဆေးကြောကြရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ရန်၊ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲကြရန်၊ ရေကိုကျိုချက်၍သောက်ရန်၊ အစားအစာများကို ကျက်အောင်ချက်ပြီးမှ စားသုံးရန်၊ အစားအစာများကို ယင်မနားအောင် လုံခြုံစွာဖုံးအုပ်ထားရန်၊ ခြင်၊ ယင်များ မပေါက်ပွားစေရေး ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန် အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မင်းနှင့်ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြည်သူများ အသုံးပြုလျက်ရှိသော ရေတွင်း၊ ရေကန်များအတွင်းသို့ ကလိုရင်းဆေးများ ခတ်ပေးကြသည်။ ကလိုရင်းဆေးခတ်ပေးခြင်းဖြင့် ရောဂါဖြစ်စေသည့် ပိုးမွှားများကို ထိန်းချုပ်ပေးပြီး သေကျေပျက်စီးစေကာ သန့်ရှင်းသောသောက်သုံးရေများ ရရှိစေခြင်း၊ ရေမှတစ်ဆင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ထိရောက်စွာကြိုတင်ကာကွယ်တားဆီးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလ ၁၀ ရက်တာအတွင်း ငါးတန်ပိဿာ ၄၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလ ၁ ရက်မှ ၁၀ ရက်အတွင်း ငါးတန်ပိဿာ ၄၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သက်သက်၏ပြောဆိုချက်အရ သိရသည်။

ဖျာပုံမြို့နယ်မှ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လက်ရှိ နိုဝင်ဘာလ ၁ ရက်မှ ၁၀ ရက်အတွင်း ငါးတန်ပိဿာ ၄၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် ငါးတန်များသည် မွေးမြူရေးငါးတန်နှင့် မြစ်ငါးတန်များဖြစ်ကြောင်း သိရသည်။

''နိုဝင်ဘာလ ၁ ရက်ကနေ ၁၀ ရက်အတွင်း ငါးတန်ပိဿာ ၄၅၀၀၀ အထိ တင်ပို့ရောင်းချထားပါတယ်။ အောက်တိုဘာလ ၁၀ ရက်တာအတွင်းက ငါးတန်ပိဿာ ၄၀၀၀၀ အထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ဖျာပုံမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်မှန်သမျှကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်'' ဟု ဒေါ်သက်သက်ကပြောသည်။

ဖျာပုံမြို့နယ်မှ ငါးတန်များကို ရန်ကုန်မြို့သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်း ၄၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်း ၄၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက သတ်မှတ်လျာထားစိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ယခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ နိုဝင်ဘာလ ၁၇ ရက်အထိ ပဲလွမ်း ၄၅၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေတိုးပွားစေရန်အတွက်ဈေးကွက်ရှိသည့် ပဲလွမ်းသီးနှံစိုက်ပျိုးရေးကို အားထားစိုက်ပျိုးလုပ်ကိုင်ကြသည်။

ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်း ၃၂၃၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၃၃၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး သတ်မှတ်လျာထားဧက ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကာ သီးနှံအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၄ ဒသမ ၉၈ တင်း ထွက်ရှိသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဈေးကွက်ရှိသော ပဲလွမ်းသီးနှံအား ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားရေးအတွက် သတ်မှတ်လျာထားစိုက်ဧကပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေးနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# VDP စီမံကိန်းလုပ်ငန်းများပြီးစီးမှုစစ်ဆေး

ပြည် နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သပြေကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် ကွန်ကရစ်လမ်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို နိုဝင်ဘာလ ၁၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုနွယ်ဝင်း၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သပြေကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများ၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လက်ထောက်ညွှန်ကြားရေးမှူးက ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းနှင့်ရေသန့်စင်စက်အား အကျိုးရှိစွာအသုံးပြုကြရန် မှာကြားသည်။

ပြည်မြို့နယ် သပြေကုန်းကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၆ သန်းတို့ဖြင့် ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ကိုညို(ကျေးလက်)



# ကလိန်အောင်မြို့၌ ဒေသထွက်မျှစ်ချဉ်များ အရောင်းအဝယ်ကောင်း

ကလိန်အောင် နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့၌ ဒေသထွက်စားသောက်ကုန်တစ်ခုဖြစ်သည့် မျှစ်ချဉ်များအရောင်းအဝယ်ကောင်းမွန်လာကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်နေသူများထံမှသိရသည်။

ကလိန်အောင်မြို့၌ မိုးရာသီကာလ မျှစ်ပေါ်ချိန်တွင် မျှစ်ချိုးရောင်းချနေသူများထံမှတစ်ဆင့်ပြန်လည်၍ မျှစ်(ကုန်ကြမ်း)များကို ဝယ်ယူကာ မျှစ်ချဉ် (ကုန်ချော) အဖြစ် ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ကလိန်အောင်မြို့မှ ဝါးပိုးမျှစ်၊ မဲနယ်မျှစ်၊ ကြခတ်မျှစ်၊ ပြင်မျှစ်၊ ဝါးယားမျှစ်၊ တစ်ပင်တိုင်မျှစ်အမျိုးအစားတို့ထွက်ရှိသည်။

မျှစ်ချဉ်ထည့်ရာတွင်အများဆုံးအသုံးပြုသည့်မျှစ်မှာ ပြင်မျှစ်အမျိုးအစားဖြစ်ကြောင်း ကလိန်အောင်မြို့ရှိ မျှစ်ချဉ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးထံမှ သိရသည်။

ကလိန်အောင်မြို့မှ ထွက်ရှိသော မျှစ်ချဉ်များကို ထမင်းဆိုင်များနှင့် ကားဂိတ်ဆိုင်တန်းများ၌ ရောင်းချလျက်ရှိပြီး ထားဝယ်မြို့သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

(၄၁၂)

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# လူတိုင်းကာကွယ်ထိန်းသိမ်းသင့်သည့် သွေးချိုဆီးချိုရောဂါ

ဒေါက်တာသိင်္ဂီကျော်

ယခုအခါ သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုသည် ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာတိုးတက်များပြားလာနေပြီး လူတစ်ဦးချင်း၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများ၏ကျန်းမာရေးအတွက် အရေးပါသောကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတစ်ခုဖြစ်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဆီးချိုရောဂါအဖွဲ့ချုပ်၏အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းရှိ လူပေါင်း ၅၃၇ သန်းခန့်သည် သွေးချိုဆီးချိုရောဂါရှိကြပြီး အရွယ်ရောက်ပြီးသူ (၂၀-၇၉ နှစ်) ၁၀ ဦးလျှင် တစ်ဦးသည် သွေးချိုဆီးချိုရောဂါရှိနေကြောင်းနှင့် နှစ်ဦးတွင် တစ်ဦးသည် ရောဂါရှိနေသည်ကို မသိရှိကြကြောင်း တွေ့ရှိရသည်။ ယနေ့ခေတ်တွင် အထိုင်များသည့်နေထိုင်မှုပုံစံနှင့် အလွယ်တကူဝယ်ယူရရှိနိုင်သော ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအသောက်များကြောင့် ဆယ်ကျော်သက် (၁၀-၁၉ နှစ်) ဝန်းကျင်တွင် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါကို ခံစားနေကြရသည်ဟု ခန့်မှန်းထားသည်။ ထို့ပြင် အသက်ရှင်မွေးဖွားသောကလေးခြောက်ဦးတွင် တစ်ဦးသည် ကိုယ်ဝန်ဆောင်ဆီးချိုရောဂါရှိသူမိခင်မှဖြစ်သည်။ သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုသည် ၂၀၃၀ ပြည့်နှစ်တွင် ၆၄၃ သန်းနှင့် ၂၀၄၅ ခုနှစ်တွင် ၇၈၃ သန်းတိုးလာမည်ကို ပညာရှင်များက ခန့်မှန်းထားသဖြင့် စိုးရိမ်ဖွယ်ရာဖြစ်ပြီး စောစီးစွာရှာဖွေကုသသင့်ပါသည်။

သွေးချိုဆီးချိုရောဂါသည် သွေးတွင်းဂလူးကို့စ်မြင့်မားခြင်းကြောင့် အချိန်ကြာလာသည်နှင့်အမျှ နှလုံး၊ သွေးကြော၊ မျက်လုံး၊ ကျောက်ကပ်နှင့် အာရုံကြောများကို ပြင်းထန်စွာပျက်စီးစေသည့် နာတာရှည်ရောဂါတစ်ခုဖြစ်သည်။ အဖြစ်အများဆုံးမှာ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်ပြီး အများအားဖြင့် အရွယ်ရောက်ပြီးသူများ၏ခန္ဓာကိုယ်တွင် အင်ဆူလင်ကို ခုခံမှုများနေခြင်း သို့မဟုတ် အင်ဆူလင်လုံလောက်စွာမထုတ်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ အမျိုးအစား-၁ သွေးချိုဆီးချိုရောဂါသည် အရွယ်မရောက်သေးသူများတွင်ဖြစ်သည့် အင်ဆူလင်ကိုမှီခိုသော သွေးချိုဆီးချိုရောဂါဟု လူသိများပြီး ပန်ကရိယမှ အင်ဆူလင်အနည်းငယ် သို့မဟုတ် လုံးဝမထုတ်ပေးနိုင်သည့် နာတာရှည်ရောဂါတစ်ခုဖြစ်သည်။ သွေးချိုဆီးချိုရောဂါရှိသူသန်းပေါင်းများစွာသည် အိမ်တွင်း၊ အလုပ်နှင့် ကျောင်းတို့တွင် ၎င်းတို့၏ရောဂါကိုစီမံခန့်ခွဲရန် နေ့စဉ်စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်။ သွေးချိုဆီးချိုရောဂါကိုကုသရာတွင် သွေးတွင်းဂလူးကို့စ်ပမာဏကိုသာအာရုံစိုက်လေ့ရှိပြီး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ထည့်သွင်းစဉ်းစားပေးမှုအားနည်းခဲ့ကြသည်။ ယခုအခါ သွေးချိုဆီးချိုရောဂါစောင့်ရှောက်မှု၏အနှစ်သာရဖြစ်သော ကိုယ်စိတ်နှစ်ပါးကျန်းမာရေးကို အလေးထား၍ ပိုမိုကောင်းမွန်သော သွေးချိုဆီးချိုဝေဒနာရှင်ဘဝအတွက် ပါဝင်ကူညီရန် ရည်မှန်းထားပါသည်။

အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုသည် ကမ္ဘာ့နိုင်ငံများအားလုံးတွင် ဆယ်စုနှစ်များအတွင်း သိသိသာသာမြင့်တက်လာခဲ့သည်။ သွေးချိုဆီးချိုရောဂါရှိသူများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်ပြီး မျိုးရိုးဗီဇ၊ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းရင်းများ၊ မြို့ပြလူနေမှုစနစ်၊ သက်ကြီးရွယ်အိုဦးရေတိုးလာခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းနှင့် အဝလွန်ခြင်း အဖြစ်များလာသောကြောင့်ဖြစ်သည်။ သို့ဖြစ်၍ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါအတွက် ကြိုတင်ကာကွယ်မှုအစီအမံများပြုလုပ်ခြင်း၊ ရောဂါအမျိုးအစားအားလုံးအတွက် မှန်ကန်သောစောင့်ရှောက်ကုသမှုများပေးခြင်းဖြင့် သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုနှင့် သက်ရောက်မှုများကို လျှော့ချနိုင်မည်ဖြစ်သည်။ ယနေ့အချိန်တွင် သွေးချိုဆီးချိုရောဂါသည် အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး၊ လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ နေရာဒေသမရွေးဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။ မဖြစ်ခင်က ကြိုတင်ကာကွယ်တားဆီးရန် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေရှိသူများကို ရှာဖွေစစ်ဆေးဖော်ထုတ်၍ ကာကွယ်ကုသရန် လိုအပ်ပါသည်။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာဆီးချိုရောဂါအဖွဲ့ချုပ်က နိုဝင်ဘာလကို သွေးချိုဆီးချိုရောဂါအသိပညာပေးလ (Diabetes Awareness Month) အဖြစ်သတ်မှတ်ပြီး သွေးချိုဆီးချိုရောဂါကြိုတင်ကာကွယ်ရေးနှင့် နောက်ဆက်တွဲရောဂါအန္တရာယ်များကို တားဆီးမှုဆိုင်ရာသတိပေးနှိုးဆော်မှုများကို ဖြန့်ဝေခြင်းဖြစ်၍ ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ ကျော်ရှိ ပရိသတ်ပေါင်း ၁ ဘီလီယံကျော်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ လူထုအသိပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများနှင့် သွေးချိုဆီးချိုစကားဝိုင်းများ ကျင်းပခြင်း၊ လူထုလမ်းလျှောက်ပွဲများပြုလုပ်ခြင်း၊ အခမဲ့ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးချိုဆီးချိုလူနာများအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းနှင့် ကုသပေးခြင်းအစီအစဉ်များကို ကမ္ဘာအနှံ့အပြားတွင် ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အင်ဆူလင်ကို ရှာဖွေတွေ့ရှိခဲ့သောဖခင်တစ်ဦးဖြစ်သည့် Sir Frederick Banting ၏မွေးနေ့ဖြစ်သော နိုဝင်ဘာလ ၁၄ ရက်နေ့ကို ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ကြပါသည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာEmpowering Global Health ဖြစ်ပြီး မြန်မာဘာသာဖြင့် အားလုံးသက်ရှည်ကျန်းမာဖို့ ဆီးချိုရောဂါကာကွယ်ထိန်းသိမ်းလို့ ပူးပေါင်းလက်တွဲဆောင်ရွက်စို့ဟု ဆီလျော်စွာပြန်ဆိုထားပါသည်။ ဤဆောင်ပုဒ်သည် တစ်ဦးချင်းကျန်းမာရေးကို အဓိကထားရုံသာမက ကမ္ဘာလုံးဆိုင်ရာပြဿနာကို ဖြေရှင်းရန် အတူတကွပူးပေါင်းဆောင်ရွက်နေသော လူ့အဖွဲ့အစည်းများ၏အရေးပါမှုကိုလည်း အလေးပေးဖော်ပြထားကြောင်း တွေ့ရှိရသဖြင့် လူတိုင်းပူးပေါင်းပါဝင်လက်တွဲ၍ ကာကွယ်ထိန်းသိမ်းသင့်ပါသည်။

> **''သွေးချိုဆီးချိုရောဂါသည် သွေးတွင်းဂလူးကို့စ်မြင့်မားခြင်းကြောင့် အချိန်ကြာလာသည်နှင့်အမျှ နှလုံး၊ သွေးကြော၊ မျက်လုံး၊ ကျောက်ကပ်နှင့် အာရုံကြောများကို ပြင်းထန်စွာပျက်စီးစေသည့် နာတာရှည်ရောဂါတစ်ခုဖြစ်သည်။ အဖြစ်အများဆုံးမှာ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်ပြီး အများအားဖြင့် အရွယ်ရောက်ပြီးသူများ၏ခန္ဓာကိုယ်တွင် အင်ဆူလင်ကို ခုခံမှုများနေခြင်း သို့မဟုတ် အင်ဆူလင်လုံလောက်စွာ မထုတ်နိုင်ခြင်းတို့ကြောင့်ဖြစ် . . .''**

### သွေးချိုဆီးချိုရောဂါစစ်ဆေးသင့်သူများ

အရွယ်ရောက်ပြီးသူတိုင်း ကိုယ်အလေးချိန်ပို၍ အဝလွန်လျှင် (BMI ၂၅ နှင့်အထက်) စစ်ဆေးသင့်သည်။ လူတိုင်း အသက် ၃၅ နှစ်ကျော်လျှင် စစ်ဆေးသင့်သည်။ မိသားစုမျိုးရိုးတွင် သွေးချိုဆီးချိုရောဂါရှိသူ၊ နှလုံးသွေးကြောနှင့်ဆိုင်သောရောဂါရှိသူ၊ သွေးတိုးရောဂါရှိသူ၊ သွေးတွင်းအဆီများသူ၊ ကိုယ်လက်လှုပ်ရှားမှုနည်းသူ၊ အမျိုးသမီးသားဥအိမ်တွင် ရေအိတ်ရှိသူ၊ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါဖြစ်ဖူးသူ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ဖူးသူ၊ ပန်ကရိယရောင်ရောဂါရှိသူ၊ ခုခံအားကျဆင်းမှုရောဂါရှိသူ၊ တချို့ဆေးဝါးများ (စတီးရွိုက်အမျိုးမျိုး၊ Clozapine၊ Olanzepine နှင့် Thiazides) ကို ရေရှည်သောက်နေရသူများ၊ အင်ဆူလင်ခုခံမှုများသော သွင်ပြင်လက္ခဏာများဖြစ်သည့် လည်ပင်းတစ်ဝိုက်နှင့် ချိုင်းအရေပြားမည်းခြင်းတို့ရှိလျှင် သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေရှိသဖြင့် ဆရာဝန်နှင့် ပြသစစ်ဆေးသင့်ပါသည်။

### သွေးချိုဆီးချိုရောဂါကာကွယ်ရန် အကြံပြုချက်များ

နေ့စဉ်စားသုံးမှုတွင် ခန္ဓာကိုယ်အတွက်လိုအပ်သော ကယ်လိုရီနှင့်အာဟာရများ သင့်တင့်မျှတစွာ ပါဝင်စေရန် သတိထားစားသောက်ရပါမည်။ အမျှင်ဓာတ်ကြွယ်ဝသော ကာဗိုဟိုက်ဒရိတ်နှင့် ဟင်းသီးဟင်းရွက်များ၊ ကျန်းမာရေးနှင့်ညီညွတ်သောအသား၊ ငါးနှင့်အဆီများကို အဓိကထားစားသုံးခြင်း၊ ပြည့်ဝဆီနှင့်ဆားများကို အလွန်အကျွံစားသုံးခြင်းမှရှောင်ကြဉ်ခြင်း၊ သကြားနှင့် သန့်စင်ပြီးကာဗိုဟိုက်ဒရိတ်များ အလွန်အကျွံစားသုံးခြင်းမှရှောင်ကြဉ်ခြင်း၊ အလွယ်တကူဝယ်ယူရရှိနိုင်သော ပြုပြင်ထားသည့်အစားအစာများနှင့် Fast Food၊Junk Food စသည်တို့ကို ရှောင်ကြဉ်ခြင်း၊ သကြားပါသောအဖျော်ယမကာများနှင့် အရက်၊ဘီယာများကိုရှောင်ကြဉ်ပြီး ရေဆာလျှင် ရေကိုသာသောက်သည့်အလေ့အထဖြစ်အောင် လေ့ကျင့်သင့်ပါသည်။ တစ်ချိန်တည်းတွင် အစားအစာ သုံးသည့်ပမာဏကိုလျှော့ချရန် လေ့ကျင့်ပါ။ တက်ကြွလှုပ်ရှားသောလူနေမှုဘဝပုံစံကို တည်ဆောက်ပြီး နေ့စဉ် မိနစ် ၃၀ ခန့် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပါ။ ခန္ဓာကိုယ်အဝမလွန်စေရန်ထိန်းသိမ်းပါ။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။ နေ့စဉ်အိပ်စက်ချိန် ခုနစ်နာရီမှကိုးနာရီအထိရှိရန် ဂရုပြုပါ။ နေ့စဉ်ဘဝတွင် စိတ်ဖိစီးမှုလျှော့ချရန် ယောဂ၊ တရားထိုင်ခြင်းနှင့် အသက်ရှူလေ့ကျင့်ခန်းများ ပြုလုပ်သင့်ပါသည်။

အချုပ်အားဖြင့်ဆိုသော် သွေးချိုဆီးချိုရောဂါသည် ကမ္ဘာတစ်ဝန်းရှိလူသန်းပေါင်းများစွာကို ထိခိုက်မှုရှိနေသည့် မကူးစက်နိုင်သောရောဂါတစ်ခုဖြစ်ပါသည်။ သို့သော်လည်း သွေးချိုဆီးချိုရောဂါ၏အကျိုးဆက်များနှင့် ကြိုတင်ကာကွယ်နိုင်သည့်နည်းလမ်းများကို လူတိုင်းမသိကြပါ။ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုကို လူနေမှုပုံစံပြောင်းလဲခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာစားသောက်သောအလေ့အထများဖြင့် ကာကွယ်နိုင်ပါသည်။ လိုအပ်ပါက ဆရာဝန်နှင့်တိုင်ပင်ပြီး သင့်လျော်သောဆေးဝါးများသောက်ခြင်းဖြင့် သွေးချိုဆီးချိုမဖြစ်ရန် ထိန်းထားနိုင်ပါသည်။ သို့ဖြစ်၍ သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုကိုလျှော့ချရန်၊ နောက်ဆက်တွဲရောဂါအန္တရာယ်များကို ကာကွယ်တားဆီးရန်နှင့် ရောဂါထိန်းချုပ်ရေး ကြိုတင်ကာကွယ်မှုဆိုင်ရာအသိပညာများကိုဖြန့်ဝေရန် ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် အတူတကွပူးပေါင်း၍ အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန်လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ရေနံချောင်းမြို့နယ် ခွေးကကျေးရွာအဝင်လမ်းမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ရေနံချောင်း နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ခွေးကကျေးရွာအဝင်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာလ ၁၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းပုလဲထွေးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ခွေးကကျေးရွာအဝင်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ မြေနီခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုငွေ ငွေကျပ် သန်း ၇၀ ဖြင့် ဇွန်လ တတိယပတ်မှစ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကျေးရွာအဝင်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ခွေးကကျေးရွာရှိ အိမ်ထောင်စုဝင်များ သွားလာရေးအဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

# မုံရွာမြို့နယ်၌ မိုးနှမ်းဧက ၁၀၅၀၀ ရိတ်သိမ်း တစ်ဧကလျှင် ၁၈ တင်းထွက်ရှိ



မုံရွာ နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မိုးနှမ်းဧက ၁၀၅၀၀ ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

မုံရွာမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးနှမ်းဧက ၁၁၅၂၀ အထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော မိုးနှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်ရိတ်သိမ်းကြရာ နိုဝင်ဘာလအထိ ၁၀၅၀၀ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၈ တင်းထွက်ရှိကြောင်း သိရသည်။

"မိုးနှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြတယ်။ အဲဒီစိုက်ပျိုးထားတဲ့စိုက်ခင်းတွေကို အခုလက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့အထိ ဧက ၁၀၅၀၀ ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်" ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်အောင်က ပြောသည်။

ယခုနှစ် မုံရွာမြို့နယ်၌ မိုးနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးကြသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

# မြို့သစ်မြို့နယ် မြင်းစုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

မြို့သစ် နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ရုံးတောကျေးရွာအုပ်စု မြင်းစုကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာလ ၁၇ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မြင်းစုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

အဆိုပါ မြင်းစုကျေးရွာတွင်းလမ်း အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်၁၈ သိန်း စုစုပေါင်းငွေကျပ် ၁၆၈ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**

# မလှိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်



မလှိုင် နိုဝင်ဘာ ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို နိုဝင်ဘာလ ၁၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး၊ ချေးငွေကျပ် ၂၅ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦး၊ ချေးငွေကျပ် ၁၉ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ ထုတ်ချေးငွေကျပ် ၂ ဒသမ ၄ သန်းနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦး၊ ချေးငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း ချေးယူသူ ၉၂ ဦး ထုတ်ချေးငွေကျပ် ၄၈ ဒသမ ၂ သန်းအား ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# လက်ခတ်သံ

❖ ရွှေလွန်းပြန် ဘယ်ညာယိမ်း
ခပ်စိမ်းစိမ်း လူ့ဝန်းကျင်။
ရွှေချည် ငွေချည်တန်းပါတဲ့
ရက်ကန်းကြိုးစင်။
သာယာငြိမ့်ညောင်း ထူးသံစဉ်
မြူးအမှန်ပင် လမိုက်ည။
တေးကိုသီ ချည်ကိုရက်
လက်ခတ်သံပြ။

❖ ပျိုတို့မောင် ဘယ်ကိုကြွပါလို့
မယ်ပျိုနှမ မေးစမ်းသနော်။
ရက်ကန်းစင် ပျိုနံဘေးမှာလ
ဆိုတေးဖိတ်ခေါ်။
ခေါ်သာခေါ် . . .
မောင်ပေါ်လို့ မလာဘူး။
အထီးကျန် သည်ညများမှာဖြင့်
စိတ်အားငယ်ဖူး။

❖ လက်ကွက်မမှန် သံစဉ်ပူးလို့
အချစ်ရူးတဲ့ နှမပျို။
လက်ခတ်သံ သံစဉ်ထွေး
လွမ်းတေးညည်းဆို။
မောင့်အတွက် အစွမ်းပြလို
အပိုလို့ မထင်စေပြား။
ပိုမစွက်ပါ . . .
ကြိုလျက်သာ အကွက်ဆန်းနဲ့
ရွှင်လန်းစေသား။ ။

**ချာန်လေး (ပညာရေး)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၈-၁၁-၂၀၂၄(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက်သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

# ရွှေတိဂုံစေတီတော်သို့ ဇူလိုင်လမှ အောက်တိုဘာလအထိ လေးလတာကာလအတွင်း ဘုရားဖူးဧည့်သည် ၁၉ သိန်းကျော် လာရောက်ဖူးမြော်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအထိ လေးလတာကာလအတွင်း ဘုရားဖူးဧည့်သည် ၁၉ သိန်းကျော် လာရောက်ဖူးမြော်ခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါကာလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် ဝင်ရောက်မှုအနေဖြင့် ဇူလိုင်လတွင် ၄၄၀၉၁၇ ဦး၊ ဩဂုတ်လတွင် ၃၆၃၂၆၁ ဦး၊ စက်တင်ဘာလတွင် ၅၀၈၅၃၁ ဦး၊ အောက်တိုဘာလတွင် ၆၇၈၉၁၅ ဦး စုစုပေါင်း ၁၉၉၁၆၂၄ ဦး လာရောက်ဖူးမြော်ခဲ့ကြသည်။

ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးဝင်ရောက်မှုသည် ပုံမှန်အားဖြင့် တစ်ရက်လျှင် တစ်သောင်းဝန်းကျင်ရှိပြီး ရုံးပိတ်ရက်ဖြစ်သည့် စနေ၊ တနင်္ဂနွေနှင့် အခါကြီးရက်ကြီးများတွင် တစ်သိန်းကျော်အထိ ဝင်ရောက်မှုရှိကြောင်း၊ လအလိုက် ဘုရားဖူးဝင်ရောက်မှု အများဆုံးနေ့ရက်များမှာ ဇူလိုင်လ ၂၀ ရက်တွင် ၁၀၉၄၅၀ ဦး၊ ဩဂုတ်လ ၂၅ ရက်တွင် ၂၄၆၉၃ ဦး၊ စက်တင်ဘာလ ၈ ရက်တွင် ၃၉၇၃၇ ဦး၊ အောက်တိုဘာလ ၁၇ ရက်တွင် ၁၅၈၄၇၁ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများ အဆင်ပြေစေရန် ၂၀၂၂ ခုနှစ် မတ်လ ၂၆ ရက်မှစ၍ ဘုရားဖူးမြော်ချိန်ကို နံနက် ၅ နာရီမှ ည ၈ နာရီအထိ အချိန်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ နံနက် ၅ နာရီမှ ည ၉ နာရီအထိလည်းကောင်း၊ ထို့နောက် ၂၀၂၄ ခုနှစ် ဖွန်လ ၂၁ ရက်မှစ၍ နံနက် ၄ နာရီမှ ည ၁၀ နာရီအထိလည်းကောင်း တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



ဝန်းရံခ

# မောက်မယ်မြို့နယ် လွိုင်ဆမ်ဆစ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေး

မောက်မယ် နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွိုင်ဆမ်ဆစ်ကျေးရွာ၌ (၆)ကြိမ်မြောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးပေးခြင်းကို နိုဝင်ဘာလ ၁၆ ရက်က အဆိုပါကျေးရွာခန်းမ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ကော်မတီဝင်များထံ ရန်ပုံငွေ ငွေကျပ် ၃၉ ဒသမ ၂၁ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကော်မတီဝင်များက လွိုင်ဆမ်ဆစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးအတွက် ငွေကျပ် ၃၉ ဒသမ ၂၁ သန်း ထုတ်ချေးပေးကြောင်း သိရသည်။

မင်းမြင့်မိုရ်

# ပုဂံမြို့ရှိ မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ညောင်ဦး နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်၌ တည်ထားကိုးကွယ်ထားသည့် မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နိုဝင်ဘာလ ၂၃ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်)တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်နှစ်များအတိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် ည ၇ နာရီတွင် ပုဂံမြို့ရှိ အလှူရှင်များနှင့် ရပ်ကွက်နေပြည်သူများက မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီးအား ဦးခိုက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ခြင်း၊ မြင်းကပါကျေးရွာမှ ဝတ်ရွတ်အသင်းက ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် နံနက် ၅ နာရီတွင် ပုဂံမြို့ ဓမ္မသိင်္ဂီဝတ်အသင်းမှ ပရိတ်၊ ပဋ္ဌာန်းများကို ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းနှင့် အချိုပွဲများ ဆက်ကပ်လှူဒါန်းပြီး ရတနာဘုံစံ တောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ အမှူးပြုသော သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်း၊ အလှူရှင်များက သံဃာတော်များအား ဝတ္ထုငွေ၊ ဆွမ်း၊ ဆေး စသည့် ဆွမ်းသပိတ်လုံးများကို လောင်းလှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

မဟာဆန္ဒပြည့် အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် နိုဝင်ဘာလ ၁၇ ရက်တွင် ဘုရားအမှူးပြုသော သံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ စတင်ကျင်းပပြီး အန္တရာယ်ကင်းပရိတ်နှင့် ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေး



မြိတ် နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန် ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် စန္ဒဝတ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာလ ၁၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ စန္ဒဝတ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်အရည်အသွေးပြည့်မီရေးနှင့် အတိုင်းအတာပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာ၌ လမ်းအရှည် ပေ ၄၄၀၊ အကျယ် ၉ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေ ငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် နိုဝင်ဘာလ ၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ချိုလေး

# မြန်မာနိုင်ငံစိတ်ပညာအသင်းမှကြီးမှူး၍ စိတ်ပညာသင်တန်းများ ပြန်လည်ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံစိတ်ပညာအသင်း (MPA)မှ ကြီးမှူး၍ စိတ်ပညာသင်တန်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းဖွင့်လှစ်ရာတွင် ကုန်ကျစရိတ်များအတွက် စိတ်ပညာဘာသာရပ်ဆိုင်ရာ Task Force အဖွဲ့သို့ ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံစိတ်ပညာအသင်းမှ အမှုဆောင်များနှင့် ဘာသာရပ်ဆိုင်ရာ Task Force အဖွဲ့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းစရိတ်ထောက်ပံ့ငွေအဖြစ်မြန်မာနိုင်ငံစိတ်ပညာအသင်းမှ မတည်ထောက်ပံ့ငွေကျပ် သိန်း၂၀၊ အလှူရှင်များမှ လှူဒါန်းငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၅၀ ကို ဥက္ကဋ္ဌ ဦးစောဝေနှင့် အထွေထွေအတွင်းရေးမှူး ဦးလှမြင့်တို့ကပေးအပ်ရာ ဘာသာရပ်ဆိုင်ရာ Task Force အဖွဲ့ဝင်များဖြစ်သည့် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာလင်းလင်းလတ်နှင့် ပါမောက္ခဒေါက်တာညွန့်ညွန့်သီတို့မှလက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံစိတ်ပညာအသင်းအနေဖြင့် လာမည့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလစတုတ္ထပတ်မှစတင်၍ စိတ်ပညာဘာသာရပ်ဆိုင်ရာ သင်တန်းများဖြစ်သည့်-

(၁) Psychological First Aid and Childhood Trauma Training Course.

(၂) Personality Psychology Training Course.

(၃) Child Psychology Training Course.

(၄) Management of Common Mental Health Problems Training Course နှင့်

(၅) Psychological Test and Assessment Training Course. စသည့် သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ



● ရှေ့ဖုံးမှအဆက်

ကလောမြို့ တောင်ကြီး ပြည်ထောင်စုလမ်းမကြီးအတိုင်း ကလောနာရီစင်မှ မီးရှော်တိုင်ကွင်းသို့ လှည့်လည်ကြရာ မီးကြာစံထွန်းညှိပူဇော်လှည့်လည်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့ကကြည့်ရှုအားပေးကြကြောင်းသိရသည်၊

ထို့နောက်အခမ်းအနားကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က (၁၉)ကြိမ်မြောက် ကလောမြို့ ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

၎င်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲအား စက်ခလုတ်နှိပ်၍မီးပုံးပျံငယ်အလုံး ၂၀၀ လွှတ်တင်ခြင်းနှင့်မီးရှူး၊ မီးပန်းများပစ်လွှတ်ပေးခြင်း၊ ပြိုင်ပွဲဝင်မီးကြာစံအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များက ကပြဖျော်ဖြေခြင်း၊ နိုင်ငံကျော်သရုပ်ဆောင်တေးသံရှင်များက ဖျော်ဖြေပေးကြကြောင်း သိရသည်။

ယင်းနောက် ပြိုင်ပွဲဝင်ကလောမြို့ရပ်ကွက်(၃)ကိုယ်စားပြု Kalaw-Net မီးရှော်တိုင်အဖွဲ့များမှ ပစ်လွှတ်ထွန်းညှိပူဇော်ယှဉ်ပြိုင်ကြသည်။ အဆိုပါမီးရှော်တိုင်ပြိုင်ပွဲတွင် ကလောမြို့ပေါ်ရှိ (၁၁)ရပ်ကွက်နှင့် ရပ်ကွက်ကျေးရွာတို့မှ ပါဝင်ယှဉ်ပြိုင်ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ကြောင်းနှင့် ပြိုင်ပွဲတွင် မီးရှော်တိုင် ၁၅ တိုင်ကို ညစဉ် ငါးတိုင်ဖြင့် နိုဝင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# တောင်တွင်းကြီးမြို့နယ် ကုက္ကိုလှကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

တောင်တွင်းကြီး နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တောင်တွင်းကြီးမြို့နယ် ပန်းသွင်းလေးကျေးရွာအုပ်စု ကုက္ကိုလှကျေးရွာ၌ VDP စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကုက္ကိုလှကျေးရွာ၌ အရှည် ၅၄၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မထုအတိုင်းအတာရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာနေပြည်သူလူထုထည့်ဝင်ငွေကျပ် တစ်သန်း စုစုပေါင်းငွေကျပ် ၁၆ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာနေပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ကုက္ကိုလှကျေးရွာရှိ အိမ်ခြေ ၂၁၈ အိမ်၊ လူဦးရေ ၉၉၉ ဦးတို့ ရာသီမရွေးသွားလာရလွယ်ကူလာမည်ဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ယခင်ကထက်ပို၍ ထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံထံမှ သိရသည်။

နွံ့ယဉ်

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့်အကျိုးအမြတ်ကိုခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူလိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကိုလိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# နေပြည်တော် သံဝေဇနီယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၇

နေပြည်တော်သံဝေဇနီယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ဂေါပကအဖွဲ့ရုံး၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သံဝေဇနီယလေးဌာနအား ဘက်စုံပြုပြင်မွမ်းမံရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စေတီတော်အားလုံးသို့ ရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့်အသုံးပြုရေး၊ အမြဲသန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်တက်ရောက်လာကြသူများက ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအတွင်းရှိ မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်မှတ်တမ်းဓာတ်ပုံပြခန်းနှင့် ဓမ္မာရုံအတွင်းသို့လည်းကောင်း၊ နေပြည်တော်- တပ်ကုန်းသွား အမှတ်(၁)လမ်းမကြီးပေါ်ရှိတောင်ကျချောင်းရေကျော်တွင်ရေစီးရေလာကောင်းမွန်ရေး ထိန်းသိမ်းဆောင်ရွက်မှုအခြေအနေများနှင့် ဓမ္မာရုံမျက်နှာကြက်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မိဂဒါဝုန်ဘောမဲ့ဥယျာဉ်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး သံဝေဇနီယလေးဌာန(ပွင့်)စေတီတော်တွင် ဘုရားဖူးပြည်သူများနှင့်အတူ ဆီမီးထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## ၂၀၂၄ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်(သောကြာနေ့)မှ ဒီဇင်ဘာလ ၈ ရက်(တနင်္ဂနွေနေ့)အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။

**ဖြေဆိုနိုင်**

အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကို အစိုးရပထမငယ်တန်း(သို့မဟုတ်)၎င်းနှင့်အလားတူစာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပြီး အဘိဓမ္မာ(ရိုးရိုး)အောင်မြင်ပြီးသူများသည်အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်)၎င်းနှင့်အလားတူစာမေးပွဲများအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

**သုံးဆင့်လုံး နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိ**

အဘိဓမ္မာ၊ဂုဏ်ထူးဆောင်နှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိပါသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံမအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက်ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရှိမြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင်စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဘုရင့်နောင်တိုးချဲ့ပန်းခြံ၌ တန်ဆောင်တိုင်ဈေးပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ တန်ဆောင်တိုင်ကာလအတွင်း ပြည်သူများ ပျော်ရွှင်နိုင်စေရန်ရည်ရွယ်၍ တန်ဆောင်တိုင်ဈေးပွဲတော်ကို နိုဝင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင်တိုင် ဘုရင့်နောင်တိုးချဲ့ပန်းခြံတွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်တွင်ဖျော်ဖြေရေးအနေဖြင့် ညပိုင်းတွင် G Chord Music Band အဖွဲ့မှသီဆိုတီးခတ်ဖျော်ဖြေခြင်းများ၊ Five Star လူရွှင်တော်တို့၏ ဟာဒယရွှင်ဆေးတိုက်ကျွေးမှုနှင့်အတူတွဲဖက်၍ အငြိမ့်မင်းသမီးများ၏ အကအလှတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ထို့ပြင် ကလေးကစားကွင်းများ၊ မုန့်ဈေးတန်းများတွင် လာရောက်လည်ပတ်သူများဖြင့်စည်ကားခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကူညီပံ့ပိုးသော မီးပုံးပျံအလုံး ၃၀၀ နှင့် မြို့နယ်အစီအစဉ်ဖြင့် မီးပုံးပျံအလုံး ၂၀၀ အား ပန်းခြံအတွင်း လာရောက်အပန်းဖြေကြသော ပြည်သူများနှင့်အတူ အဆက်မပြတ်လွှတ်တင်ခဲ့ကြပြီး မီးရှူးမီးပန်းအလှများကိုလည်း ပစ်ဖောက်ခြင်းများဖြင့် တန်ဆောင်တိုင်ဈေးပွဲတော်ကို အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကျောင်းအပ်လက်ခံမည့်ရက် (သတင်းပို့ရမည့်ရက်)နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက်များ ထုတ်ပြန်ကြေညာ

သန်လျင် နိုဝင်ဘာ ၁၇

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်ပထမနှစ်ဝက်သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းနှင့် တတိယနှစ်၊ စတုတ္ထနှစ်နှင့် ဘွဲ့လွန်တန်း ဒုတိယနှစ်ဝက်သင်တန်းများ၏ သတင်းပို့လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်(ကြာသပတေးနေ့)မှစ၍ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းနှစ်အားလုံးကို ၂၁-၁၁-၂၀၂၄ ရက်(ကြာသပတေးနေ့)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရာပြည့်သဘင်ဆင်ယင်ကျင်းပတော့မည့် မြန်မာ့အင်ဂျင်နီယာပညာရေး

ခန့်ဇော်(ကျေးလက်)

၁၉၂၄ ခုနှစ်တွင် စတင်ခဲ့သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးသည် မကြာမီရက်ပိုင်းအတွင်း နှစ် (၁၀၀) ပြည့်မြောက်တော့မည်ဖြစ်ပြီး ရာပြည့်သဘင်ကျင်းပဖို့ အင်ဂျင်နီယာအသိုက်အဝန်းတစ်ခုလုံး တက်တက်ကြွကြွ လှုပ်ရှားလုပ်ကိုင်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးနှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကျင်းပရေး ဦးစီးကော်မတီတွင် စာရေးသူလည်း အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရခဲ့သည်။ ပါဝင်ခွင့်ရလို့လည်း ပီတိဖြစ်မိရသည်။ ဦးစီးကော်မတီမှ ဦးဆောင်၍ လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး ရာပြည့်သဘင်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကြိမ်ကြိမ်ညှိနှိုင်းကြ၊ ဆွေးနွေးကြ၊ ဆောင်ရွက်ကြဖြင့် အားရဖွယ်တွေ့မြင်ခဲ့ရသည်။ ရာပြည့်သဘင်အခမ်းအနားတွင် အင်ဂျင်နီယာနည်းပညာနှင့် ပညာရေးဖိုရမ် (Engineering Technology and Education Forum)လည်း ကျင်းပမည်ဖြစ်ရာ ဖိုရမ်၏ Main Theme ဖြစ်သည့် ဆောင်ပုဒ်ကို တာဝန်ရှိသူများက ဦးစွာစဉ်းစားဆွေးနွေးဖြစ်ကြသည်။

**ဖိုရမ်ဆောင်ပုဒ်**

သက်ဆိုင်သူအစိုးရအဖွဲ့အစည်းများ၊ အသင်းအဖွဲ့၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတို့မှ အကြံပြုချက်များဖြင့် ဝိုင်းဝန်းဆွေးနွေးအတည်ပြုခဲ့သည့်ဆောင်ပုဒ်ကတော့...

**“အင်ဂျင်နီယာနှင့် နည်းပညာစွမ်းပကားများဖြင့် ပိုမိုတောက်ပသောမြန်မာ့အနာဂတ်ကို အတူတကွ တည်ဆောက်ကြပါစို့”**

“Creating the Brighter Future of Myanmar together by the strength of Engineering & Technology”

ဟူ၍ ဖြစ်သည်။

ဆောင်ပုဒ်၏အဓိပ္ပာယ်က အင်ဂျင်နီယာများ အနေဖြင့် ပိုမိုတောက်ပကောင်းမွန်သည့် မြန်မာနိုင်ငံ၏အနာဂတ်ကို အတူတကွတည်ထောင်ကြဖို့ ဖြစ်သည်။ တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် မရ၊ ပူးပေါင်းဆောင်ရွက်မှရနိုင်မည်ကို မီးမောင်းထိုးပြလိုသည့်အတွက် အတူတကွဟုဆိုထားခြင်းဖြစ်သည်။ အတူတကွ ကြိုးစားကြရပါမည်။ သေသေချာချာလေ့လာကြည့်သည့်အခါ အင်ဂျင်နီယာပညာရပ်နှင့် ကင်းကွာသည့်နယ်ပယ်ဟူ၍ မရှိသည်ကို အံ့သြဖွယ်တွေ့ရှိရသည်။

**အင်ဂျင်နီယာပညာရပ်များနှင့်ဆက်နွှယ်ရာနယ်ပယ်ကဏ္ဍများ**

အမှတ်တမဲ့ကြည့်လျှင် တည်ဆောက်ရေး၊ ထုတ်လုပ်မှုနှင့် နည်းပညာကဏ္ဍများနှင့်သာ ဆက်စပ်မည်ဟုထင်ဖွယ်ရာရှိသည်။ သို့သော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှသည် စီမံခန့်ခွဲမှုနယ်ပယ်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာပညာ၊ စစ်ပညာတို့ အပါအဝင် အထည်အလိပ်၊ သတ္တု၊ ဆေးဝါး၊ မြို့ပြ၊ လျှပ်စစ်၊ ရေကြောင်း၊ လေကြောင်းတို့အဆုံး လူမှုဘဝပတ်ဝန်းကျင်ရှိ ရှင်သန်ရပ်တည်မှုအရာရာသည် အင်ဂျင်နီယာပညာရပ်များနှင့် နီးနွှယ်နေခဲ့သည့်အပြင် အင်ဂျင်နီယာဘာသာရပ်များအနေဖြင့်လည်း အမျိုးခွဲများစွာရှိနေသည်ကို တွေ့ရှိရသည်။ ကမ္ဘာတစ်ဝန်းဘွဲ့၊ ဒီဂရီ(Degree)များ ပေးအပ်လျက်ရှိသည့် အင်ဂျင်နီယာပညာရပ်ပေါင်း ၅၀ ကျော်အထိရှိပြီး အဓိကအနေဖြင့်မူ မြို့ပြ၊ စက်မှု၊ လျှပ်စစ်စွမ်းအား၊ အီလက်ထရွန်နစ်၊ သဘာဝပတ်ဝန်းကျင်လေကြောင်း/ အာကာသပညာ၊ ကွန်ပျူတာ၊ ဓာတု၊ ချည်မျှင်နှင့် အထည်အလိပ်၊ သတင်းအချက်အလက်နည်းပညာ၊ စက်မှုလျှပ်စစ်၊ ဓာတ်သတ္တုတူးဖော်ရေး၊ ရေနံ၊ သတ္တုဗေဒ၊ ဇီဝနည်းပညာ၊ ဗိသုကာ၊ ဘူမိဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ၊ ရေကြောင်းပညာ၊ စိုက်ပျိုးရေးစသည်ဖြင့် အမျိုး ၂၀ ကျော်ခန့်ရှိသည်။ ယင်းတို့အောက်တွင် ဘာသာရပ်ခွဲပေါင်းများစွာ ရှိသေးသည်ကို တွေ့ရသည်။

ကွန်ပျူတာအင်ဂျင်နီယာဆိုပါစို့ ကွန်ပျူတာသိပ္ပံအင်ဂျင်နီယာ၊ Hardware အင်ဂျင်နီယာ၊ Software အင်ဂျင်နီယာစသည်ဖြင့် အခွဲများစွာရှိသေးသည်။ ဇီဝနည်းပညာဆိုလျှင်လည်း ဇီဝဆေးပညာအင်ဂျင်နီယာ၊ ဇီဝဗေဒအင်ဂျင်နီယာ၊ ဇီဝဓာတုအင်ဂျင်နီယာစသည်ဖြင့် ရှိသေးသည်။ အခြားဘာသာရပ်များဖြစ်သော ဆေးဝါးဗေဒဆိုင်ရာအင်ဂျင်နီယာ၊ စီမံခန့်ခွဲမှုအင်ဂျင်နီယာ၊ ထုတ်လုပ်မှုအင်ဂျင်နီယာ စသည်... စသည်တို့ကလည်း မနည်းမနော။ ချုပ်၍ဆိုရလျှင်မူ အင်ဂျင်နီယာပညာရပ်အားလုံးသည် လူသားအကျိုးပြု၊ နိုင်ငံအကျိုးပြုပညာရပ်များချည်းဖြစ်သည်ဟူသည့်အချက်ပင်တည်း။

အင်ဂျင်နီယာပညာရှင်များအနေဖြင့် လူသားတွေလုံခြုံနွေးထွေးစွာနေထိုင်နိုင်ဖို့ သဘာဝဘေးတွေကနေ ကာကွယ်နိုင်ဖို့အဆောက်အအုံတွေ တည်ဆောက်ပေးနိုင်သကဲ့သို့ တစ်နေရာမှတစ်နေရာ၊ ဒေသတစ်ခုမှတစ်ခုနှင့် ကမ္ဘာတစ်ဝန်းကို ဆက်သွယ်သွားလာနိုင်မည့်လမ်းတွေ၊ တံတားတွေ၊ ရထားလမ်းတွေ ဖောက်လုပ်ပေးနိုင်သည်။ ထိုလမ်း၊ တံတားများ အပေါ်အသုံးပြုသွားလာမည့် ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်တွေကို တီထွင်တည်ဆောက်ပေးနိုင်သည်။ ဆက်သွယ်ရေးနည်းပညာဖြင့် ဆက်သွယ်ပြောဆို၍ ရအောင်၊ ရုပ်မြင်အသံကြားရအောင်၊ သတင်းအချက်အလက်တွေပေးပို့နိုင်အောင် ဖန်တီးပေးနိုင်သည်။

လူတို့၏ဝတ်စားဆင်ယင်မှုအတွက် အထည်အလိပ်တွေ တီထွင်ထုတ်လုပ်နိုင်သည့်အပြင် လူသားတို့ အဝတ်အထည်၊ အစားအသောက် ဖူလုံစွာရရှိရေး၊ ဘေးကင်းစွာထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် စက်ပစ္စည်းများ၊ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းရေးအတွက် ထိရောက်မှုရှိသောအရည်အသွေးမြင့် စက်ကိရိယာများကိုလည်း ထုတ်လုပ်ပေးနိုင်သည်။ နယ်ပယ်စုံကဏ္ဍစုံအတွက် အရေးကြီးသည့်စက်ပစ္စည်းများထုတ်လုပ်ပြီး စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်သည့်အပြင် ရေအရင်းအမြစ်သိုလှောင်သိမ်းဆည်းနိုင်ရန်၊ ရေကြီးရေလျှံမှုများမှ ကာကွယ်နိုင်ရန် ဆည်များ၊ ရေကာတာများတည်ဆောက်ပေးနိုင်သည်။ မြေပေါ်သာမက မြေအောက်ရှိ တွင်းထွက်သယံဇာတများကို လူသားတို့အကျိုးရှိစွာ အသုံးချနိုင်ရန် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သည်။

မြို့ပြများ၊ ကျေးရွာများတည်ဆောက်ရာတွင် လိုအပ်သည့်ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ စက်ရုံအလုပ်ရုံများအတွက် လိုအပ်သည့်ရေနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း နည်းပညာပိုင်းမှ ပံ့ပိုးဆောင်ရွက်ပေးနိုင်ပြန်သည်။ လူသားတို့အတွက် မရှိမဖြစ်ဖြစ်သော သန့်စင်သောသောက်သုံးရေ ရရှိရေးဆောင်ရွက်ပေးနိုင်သည်။ စက်ရုံအလုပ်ရုံများမှ ထွက်ရှိသည့် ရေဆိုးအညစ်အကြေးများကို သန့်စင်ပေးနိုင်သကဲ့သို့ လူမှုဝန်းကျင်အတွက် လူနေအိမ်များ၊ ကျောင်းများ၊ ဆေးပေးခန်းများ၊ ဆေးရုံများတည်ဆောက်ပေးနိုင်ပြီး ၎င်းတို့ကထွက်ရှိသည့် အညစ်အကြေးများကိုလည်း သန့်စင်ပေးနိုင်သည်ပင်။

ဤသို့နယ်ပယ်စုံ၊ ကဏ္ဍစုံကို အကျိုးပြုနိုင်သည့် အင်ဂျင်နီယာပညာရပ်များ၏အစ အင်ဂျင်နီယာပညာရေးသည် စာရေးသူတို့နိုင်ငံတွင် ၁၉၂၄ ခုနှစ်၏ ရှေးဦးကပင်ရှိခဲ့ပြီဟု ဆိုရပါမည်။

| | | |
|---|---|---|
| ၁၉၂၄-၁၉၂၅ အထိ | ။ | မြို့ပြအင်ဂျင်နီယာသင်တန်းကို စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။ |
| ၁၉၂၇ ခုနှစ် | ။ | ရန်ကုန်တက္ကသိုလ်အတွင်း၌ပင် BoC College of Mining and Engineering အဆောက်အအုံအမည်ဖြင့် သီးခြားခွဲထွက်ခဲ့သည်။ |
| ၁၉၄၆ ခုနှစ် | ။ | Department of Engineering အား Faculty of Engineering အဖြစ် အဆင့်တိုးမြှင့်ခဲ့ပါသည်။ |
| ၁၉၆၁ ခုနှစ် | ။ | အင်းစိန် ကြို့ကုန်းရှိစက်မှုတက္ကသိုလ်(ယခုရန်ကုန်နည်းပညာတက္ကသိုလ်)သို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့သည်။ |
| ၂၀၂၄ ခုနှစ် | ။ | လက်ရှိအချိန်တွင် နည်းပညာတက္ကသိုလ် ၂၇ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၁၉ ကျောင်း၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် တစ်ကျောင်း၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်တစ်ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်းနှင့် Polytechnic University များကို ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်ရန်လျာထားကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနထံမှ သိရှိရသည်။ |

## ❍ အင်ဂျင်နီယာပညာဌာနဟူ၍ တိတိပပပေါ်ပေါက်လာသည်ကတော့ ၁၉၂၄ ခုနှစ်မှဖြစ်သည်။ ၁၉၂၄-၁၉၂၅ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်ခဲ့၊အင်ဂျင်နီယာပညာရေး၏အစတွင် အချို့သောလက်တွေ့သင်ကြားမှုများကို အင်းစိန်စက်မှုလက်မှုသိပ္ပံရှိ အလုပ်ရုံများတွင် သင်ကြားပြသခဲ့ . . .

**မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးသမိုင်း စတင်အခြေတည်ခြင်း**

အင်းစိန်စက်မှုလက်မှုပညာသင်ကျောင်း Government Engineering School အဖြစ် ၁၈၉၅ ခုနှစ် ဧပြီလ ၁ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်ဘူတာရုံအနောက်ဘက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြီး ၁၈၉၈ ခုနှစ်တွင် အဆိုပါနေရာမှ အင်းစိန်ဘူတာအရှေ့ဘက်သို့ နေရာပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ထိုစဉ်က Government School of Engineering ဟု ခေါ်ဆိုခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ၁၉၀၈ ခုနှစ်တွင် အင်းစိန်ရွာမရှိ ယခုလက်ရှိနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး Government School of Engineering and Technical High School ဟုခေါ်ဆိုခဲ့သည်။ ၁၉၁၂ ခုနှစ်မှစ၍ Government Technical Institute- GTI ဟု ပြောင်းလဲခေါ်ဆိုခဲ့ကြောင်း သိရှိရသည်။

အင်ဂျင်နီယာပညာဌာနဟူ၍ တိတိပပပေါ်ပေါက်လာသည်ကတော့ ၁၉၂၄ ခုနှစ်မှဖြစ်သည်။ ၁၉၂၄-၁၉၂၅ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အင်ဂျင်နီယာပညာရေး၏ အစတွင် အချို့သောလက်တွေ့သင်ကြားမှုများကို အင်းစိန်စက်မှုလက်မှုသိပ္ပံရှိ အလုပ်ရုံများတွင် သင်ကြားပြသခဲ့ကြောင်း သိရှိရသည်။

**မြို့ပြအင်ဂျင်နီယာသင်တန်းစတင်ဖွင့်လှစ်ခြင်းနှင့် နှစ်(၁၀၀)အတွင်း မြန်မာအင်ဂျင်နီယာပညာရေး ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်**

| | | |
|---|---|---|
| ၁၉၂၃-၁၉၂၄ အထိ | ။ | ရန်ကုန်တက္ကသိုလ်တွင် အင်ဂျင်နီယာဌာန Department of Engineering ဖွင့်လှစ်ခဲ့သည်။ |

စာရေးသူသည် ၁၉၉၁ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ် (ယခု ရန်ကုန်နည်းပညာတက္ကသိုလ်) တွင် မြို့ပြအင်ဂျင်နီယာဘာသာရပ်ဖြင့် တက်ရောက်ခဲ့သူဖြစ်ရာ ယခုအခါ အခွင့်ကြုံ၍ အင်ဂျင်နီယာပညာရေးဖွံ့ဖြိုးလာမှုအဆင့်ဆင့်ကို ပြန်လှန်လေ့လာမိသည့်အခါ ဖြတ်သန်းခဲ့ဖူးသည့် အင်ဂျင်နီယာကျောင်းသားဘဝအမှတ်တရများကို တရိပ်ရိပ် ပြန်မြင်ယောင်လာမိရသည်။ သည်လိုဆိုပြန်တော့ ဩဘာလမ်းကလည်း လွမ်းစရာ၊ ပင်မဆောင်ကြီးရှေ့အဝင်လမ်းက စွယ်တော်ပင်တန်းကလည်း မျက်စိထဲ ထင်ရှားလာရသလို အတန်းလစ်ပြီး မိန်း(ရန်ကုန်တက္ကသိုလ်)ထဲ ခြေဆန့်ခဲ့သည့်အချိန်များကိုလည်း လွမ်းမောစရာ ပြန်အမှတ်ရလာမိရသည်။ ဆရာကြီး၊ ဆရာမကြီးများ၊ သူငယ်ချင်းများ၊ စီနီယာ

စာမျက်နှာ ၁၄ သို့ ▸▸

▸▸ စာမျက်နှာ ၁၃ မှအဆက်

နောင်တော်များ၊ ဂျူနီယာညီငယ်များနှင့် ရင်းနှီးဖြတ်သန်းခဲ့ရသော အခိုက်အတန့်များကို လွမ်းမောစွာ သတိရမိရသည်။

စာရေးသူတို့ခေတ်နှင့်နှိုင်းယှဉ်လျှင်မူ ကျောင်းတော်ကြီးကများစွာပို၍ ဖွံ့ဖြိုးလာခဲ့ပြီဖြစ်သကဲ့သို့ သင်ကြားမှု သင်ယူမှုစနစ်တွေလည်း ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ တိုးတက်လာမှုများရှိသည့်တိုင် နိုင်ငံတကာနှင့်နှိုင်းယှဉ်လျှင် တိုးမြှင့်ဖို့လိုအပ်နေတာတွေများစွာရှိသေးသည်။ သို့တစေ ဆင်လည်း ဆင့်အထွာ၊ ဆိတ်လည်း ဆိတ်အထွာဆိုသကဲ့သို့ ကိုယ့်နိုင်ငံ၊ ကိုယ့်ပေတံဖြင့်မူ နှစ် (၁၀၀)အထိ အောင်အောင်မြင်မြင် လျှောက်လှမ်းရပ်တည်လာနိုင်၊ မြန်မာအင်ဂျင်နီယာများ ကမ္ဘာ့နေရာအနှံ့အပြားမှာ ရပ်တည်လုပ်ကိုင်နေနိုင်ကြသည်ကိုက ဂုဏ်ယူကျေနပ်ဖွယ်ရာပါပင်။ ထို့ကြောင့်လည်း အင်ဂျင်နီယာပညာရေးနှစ် (၁၀၀) ပြည့် ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်စွာကျင်းပဖို့ ပြင်ဆင်စီစဉ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**အင်ဂျင်နီယာပညာနှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ချက်များ**

နိုင်ငံတော်နှင့် ပြည်သူအကျိုးပြုသုတေသနပြခန်းများ၊ နိုင်ငံတော်နှင့်ဒေသအကျိုးပြုပြခန်းများကို မျိုးဆက်သစ်ကျောင်းသားလူငယ်များ လေ့လာနိုင်အောင်ပြသသွားဖို့ စီစဉ်ထားရှိသည့်အပြင် အင်ဂျင်နီယာနည်းပညာနှင့် ပညာရေးဖိုရမ်ကို Parallel Session ငါးခုဖြင့် ကျင်းပပြုလုပ်သွားဖို့ စီစဉ်ထားရှိကြောင်း သိရှိရသည်။

Parallel Session များတွင် စာတမ်းများဖတ်ကြားနိုင်ရေး သက်ဆိုင်ရာဌာနအလိုက် စာတမ်းခေါင်းစဉ်များ တောင်းခံထားပြီး ပါဝင်ဖတ်ကြားနိုင်ရေး၊ မျိုးဆက်သစ်များကို မျှဝေနိုင်ရေးအတွက် ဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံဖွံ့ဖြိုးမှုအတွက်အရေးပါပြီး အင်ဂျင်နီယာကဏ္ဍမှ နိုင်ငံဖွံ့ဖြိုးရေးအတွက် အသုံးချသုတေသနစာတမ်းများ၊ ဆောင်ရွက်မှု၊ ဖြစ်ပေါ်တိုးတက်မှုစာတမ်းများ ဖတ်ကြားကြမည်ဖြစ်သည်။ မိမိတို့ဝန်ကြီးဌာနအနေဖြင့်တော့ ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်တံတားလုပ်ငန်းဆိုင်ရာ စာတမ်းများဖတ်ကြားသွားရန် စီစဉ်ထားရှိသည်။

ထို့ပြင် အင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင် ဂုဏ်ပြုအစီအစဉ်များကိုလည်း ပြင်ဆင်ထားရှိကြောင်း သိရှိရသည်။

(က) အတွေ့အကြုံရှိဆရာကြီး၊ ဆရာမကြီးများ၏အတွေ့အကြုံများကို အင်တာဗျူး၍ မီဒီယာများတွင် ထုတ်လွှင့်ပြသခြင်း၊
(ခ) Documentary များ ရိုက်ကူးပြသခြင်း၊ ၁၀ ရာစုအစောပိုင်း ပုဂံယဉ်ကျေးမှုနယ်မြေမှ ရှေးခေတ်ပုဂံဘုရားများ၏ အင်ဂျင်နီယာဗိသုကာပညာရပ်များ၊ ၁၁ ရာစုနှောင်းပိုင်း မန္တလေးနန်းတွင်း သမိုင်းမှတ်တမ်းများ၏ အင်ဂျင်နီယာဗိသုကာလက်ရာများ၊ ရန်ကုန်မြို့ ကိုလိုနီခေတ်အင်ဂျင်နီယာဗိသုကာလက်ရာများ စသည်တို့ကို ရိုက်ကူးပြသခြင်း၊
(ဂ) မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးသမိုင်းစာအုပ် (၂၀၁၃ မှ ၂၀၂၄) ထုတ်ဝေခြင်း (ရာပြည့်သဘင်အခမ်းအနားပြီးမှ ထုတ်ဝေပါမည်။)၊
(ဃ) ရာပြည့်ဂုဏ်ပြုဆောင်းပါးများ ရေးသားပြီး ရာပြည့်မဂ္ဂဇင်းထုတ်ဝေခြင်း (ရာပြည့်သဘင် အခမ်းအနားပြီးမှ ထုတ်ဝေပါမည်။)၊
(င) ရာပြည့်အထိမ်းအမှတ်ပစ္စည်းများထုတ်၍ ဖြန့်ဝေခြင်း၊
(စ) ရာပြည့်အကြိုဂုဏ်ပြုအင်ဂျင်နီယာပွဲတော်နှင့် အခမ်းအနားများ၊ ပရောဂျက်ပြပွဲများအား ရန်ကုန်နည်းပညာတက္ကသိုလ် အပါအဝင် ပြည်၊ မန္တလေး၊ ဘားအံနည်းပညာတက္ကသိုလ်များနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်များတွင် ကျင်းပပြုလုပ်ခြင်း။

အင်ဂျင်နီယာတစ်ယောက်အနေဖြင့် အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အခမ်းအနားကို ကံကောင်းစွာဖြင့် တွေ့ကြုံခွင့်ရရှိသည့်အပြင် မိမိတို့တစ်ထောင့်တစ်နေရာမှ ပါဝင်ဆင်နွှဲခွင့်ရရှိသည့်အတွက် အမှန်ပင်ဂုဏ်ယူဝမ်းမြောက်မိရပါသည်။ အင်ဂျင်နီယာအားလုံးအတွက်လည်း ထပ်တူပင်ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ ရာပြည့်သဘင် ဆင်ယင်ကျင်းပရေးဦးစီးကော်မတီတွင် ပါဝင်ခဲ့သည့်အတွက် စာရေးသူအနေဖြင့် အင်ဂျင်နီယာပညာရေးသမိုင်းကြောင်းကို ပြန်လေ့လာခွင့်ရခဲ့သည့်အပြင် အင်ဂျင်နီယာပညာရပ်များဖြင့် နိုင်ငံတော်တည်ဆောက်ရေးအပါအဝင် ကဏ္ဍစုံတွင်ပါဝင်ဆောင်ရွက်နေမှုများကို သုတေသနစာတမ်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုစာတမ်းများ ဖတ်ခွင့်၊ လေ့လာခွင့်ရရှိမည့်အတွက် ကြုံတောင့်ကြုံခဲအခွင့်အရေးများ ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအင်ဂျင်နီယာပညာရေးသမိုင်းကြောင်းကို လေ့လာနိုင်ရန်၊ စာတမ်းဖတ်ကြားမှုများနှင့် နည်းပညာတက္ကသိုလ်ကျောင်းသားများ၏ ပရောဂျက်ပြပွဲများမှတစ်ဆင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ ဗဟုသုတများရယူနိုင်ရန်အတွက် မြန်မာအင်ဂျင်နီယာများအားလုံး၊ မျိုးဆက်သစ်အင်ဂျင်နီယာ ကျောင်းသားလူငယ်များအားလုံး အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်ပွဲကို အတူတကွပါဝင်ဆင်နွှဲကြဖို့ ဖိတ်ခေါ်ရင်း ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အင်ဂျင်နီယာနှင့် နည်းပညာစွမ်းပကားများဖြင့် အတူတကွတည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း ရာပြည့်သဘင်ပွဲအား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဆင်းပွဲကျင်းပ




လွိုင်လင် နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်( တောင်ပိုင်း) လွိုင်လင်မြို့နယ် ဟဲနန်းကျေးရွာအုပ်စု တခေါ့တန်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဆင်းပွဲကို နိုဝင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ဆန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်မင်းထိုက်က သင်တန်းသားများအနေဖြင့် သင်တန်းမှသင်ကြားပို့ချပေးခဲ့သည့် မွေးမြူရေးဆိုင်ရာအသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး မိမိတို့၏မွေးမြူရေးလုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးချကာ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် သင်တန်းဆင်းပွဲတက်ရောက်လာကြသည့် ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို သင်တန်းသားများထံသို့ လွှဲပြောင်းပေးအပ်ရာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းကို လွိုင်လင်မြို့နယ် ဟဲနန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၂ ရွာမှ သင်တန်းသား ၂၀ ဦးတက်ရောက်ပြီး သင်တန်းတွင် တိရစ္ဆာန်များ ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများ၊ ကာကွယ်ရမည့်နည်းလမ်းများနှင့် ကောင်းမွန်သောမွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ အသိပညာ၊ အတတ်ပညာများကို ကျွမ်းကျင်နည်းပြ ဆရာ၊ ဆရာမများက ခုနစ်ရက်ကြာ အခမဲ့စာတွေ့ လက်တွေ့သင်ကြားပို့ချပေးကြောင်း သိရသည်။

စိန်လွင်(ကျေးလက်)

# ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို နိုဝင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်မင်းထွန်းနှင့်တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ တဲကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေကိုကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

တဲကြီးကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၃၁၅၀ အား အကျယ် ၁၁ ပေ၊ ထု ၉ လက်မရှိသည့် ကုန်ထုတ်လမ်းရိုစာခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅ ဒသမ ၅၁၅ သန်း အသုံးပြု၍ မြတ်ကောင်းကင်ကုမ္ပဏီမှ ဇူလိုင်လ ၅ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)



# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ်ထုတ်ချေး

မိတ္ထီလာ နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လိန်တောကျေးရွာအုပ်စု လိန်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းအိထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ အား ကျေးရွာမြစိမ်းရောင်စီမံကိန်းအဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် လိန်တောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်း အသင်းသား ၇၉ ဦးတို့အတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နေ့ချင်းပြီးထုတ်ချေးပေးကြောင်း သိရသည်။

နီလာ

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ဘုရားဖူးလာရောက်သူ ၃၀၀၀၀ ကျော်ရှိ



ကျိုက်ထို နိုဝင်ဘာ ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ဘုရားဖူးလာရောက်သူ ၃၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ထိုသို့ ဘုရားဖူးဧည့်သည်များ လာရောက်ရာတွင် နိုဝင်ဘာလ ၁၄ ရက်က ဘုရားဖူးဧည့်သည် ၁၄၀၀၀ ကျော်၊ နိုဝင်ဘာလ ၁၅ ရက်က ဘုရားဖူးဧည့်သည် ၁၆၀၀၀ ကျော်အထိ လာရောက်ဖူးမြော်ခဲ့ကြောင်း သိရသည်။

"နှစ်ရက်ပေါင်းကို ဘုရားဖူးဧည့်သည် သုံးသောင်းကျော်လောက်ရှိတယ်။ ဘုရားဖူးဧည့်သည်တွေက နယ်စုံကလာကြတာ များတယ်။ နိုင်ငံခြားခရီးသွားဧည့်သည်တွေလည်းလာကြတယ်။ ပွဲတော်ရက်နှစ်ရက်အပြင် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်တွေမှာလည်း ဘုရားဖူးလာရောက်သူတွေ အရမ်းများတယ်" ဟု ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဝင်တစ်ဦးကပြောသည်။

ထိုသို့ ဘုရားဖူးဧည့်သည်များပြားသည့်အတွက် ဟိုတယ်နှင့်တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ အထမ်းလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မှာ ဘုရားဖူးကတော့ အမြဲမပြတ်ပါဘူး။ ဒီလိုပွဲတော်ကာလတွေက ပိုပြီးစည်ကားတာပေါ့။ ဒီလိုလူစည်ကားချိန်မှာ ကျွန်မတို့လို ဈေးရောင်းသူတွေ၊ တောင်တက်ကားတွေနဲ့ အထမ်းသမားတွေ ပိုပြီးအဆင်ပြေပါတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။

ယခုနှစ် တန်ဆောင်တိုင်ပွဲတော်ကာလတွင် ကျိုက်ထီးရိုးစေတီတော်အပြင် ချောင်းသာ၊ ငွေဆောင် စသည့်ကမ်းခြေဒေသများ၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခဲ့သည့် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အပါအဝင် ဒေသအသီးသီးရှိ ဘုရားစေတီပုထိုးများ၌လည်း ဘုရားဖူးလာရောက်သူများဖြင့် စည်ကားများပြားခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# ရန်ကုန်မြို့၌ (၈) ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၇

ထိုင်းနိုင်ငံ တက္ကသိုလ်ဘွဲ့ရမြန်မာကျောင်းသားဟောင်းများအသင်း (Association of Myanmar Alumni from Universities in Thailand(AMAUT) မှ ကြီးမှူးကျင်းပသည့် (၈) ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲကို နိုဝင်ဘာလ ၁၇ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol VISIT-STUMP က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် ထိုင်းနိုင်ငံ တက္ကသိုလ်ဘွဲ့ရ မြန်မာကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးမိုးကျော်မြင့်တို့က ပြပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် အခမ်းအနားတက်ရောက်လာသူများက ပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ပညာရေးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

"လူငယ်ကျောင်းသားတွေ ထိုင်းတက္ကသိုလ်တွေကို တက်ချင်နေကြတာတွေရှိတယ်။ အခုလိုဆိုတော့ ကျောင်းသားတွေ လွယ်လွယ်ကူကူနဲ့ ထိုင်းတက္ကသိုလ်တွေနဲ့ ချိတ်ဆက်နိုင်ကြတယ်။ တက္ကသိုလ်တွေရဲ့ ပရိုဂရမ်တွေ၊ စကောလားရှစ်တွေ ကျောင်းသားတွေအတွက် ပေးမယ့် အစီအစဉ်တွေလည်းပါတယ်။ ဒီမှာတစ်ခါတည်း မှတ်ပုံတင်သွားလို့လည်းရတယ်။ သိချင်တာတွေရှိရင်လည်း မိဘတွေအနေနဲ့ တစ်ခါတည်းလာရောက်မေးမြန်းစုံစမ်းနိုင်တဲ့အခွင့်အရေးတွေရှိတယ်။ ဒီနှစ်မှာ ထိုင်းတက္ကသိုလ် ၂၉ ခု ပါပါတယ်။ ထူးခြားတာကတော့ သူတို့တက္ကသိုလ်မှာတက်နေကြတဲ့ မြန်မာကျောင်းသားတွေကို ခေါ်လာကြတယ်။ သူတို့တက်နေတဲ့တက္ကသိုလ်ရဲ့ အတွေ့အကြုံတွေကို မြန်မာလိုရှင်းပြတဲ့အတွက်လည်း ပိုပြီးတော့အဆင်ပြေတယ်" ဟု ထိုင်းနိုင်ငံတက္ကသိုလ်ဘွဲ့ရမြန်မာကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးမိုးကျော်မြင့်ကပြောသည်။

ပြပွဲတွင် ထိုင်းနိုင်ငံအတွင်းရှိ နိုင်ငံတကာအဆင့်မီတက္ကသိုလ် ၂၉ ခု ပါဝင်ပြသလျက်ရှိရာ မြန်မာကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၊ ပညာရေးအဖွဲ့အစည်းများ၏ကိုယ်စားလှယ်များထံမှ သတင်းအချက်အလက်များကို တစ်ပြိုင်နက်တည်း ရယူနိုင်မည်ဖြစ်သည်။

အဆိုပါပညာရေးပြပွဲကို နိုဝင်ဘာလ ၁၈ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ရာ စိတ်ပါဝင်စားသည့်ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများအနေဖြင့် ထိုင်းတက္ကသိုလ်အများအပြားနှင့် တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံ**

# မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မလှိုင် နိုဝင်ဘာ ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရေချိုဘူတာကျေးရွာအုပ်စု ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို နိုဝင်ဘာလ ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာ စီမံကိန်းခွင့်ပြုငွေ ငွေကျပ်သန်း ၃၀ ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၄၈ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ နေ့စဉ်ဝင်ငွေရရှိစေရေးအတွက် ဟင်းသီးဟင်းရွက်သီးနှံများကို အားထားစိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧကပြည့်မီစေရေးအတွက် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပြည်သူတွေ စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေရရှိစေဖို့ရည်ရွယ်ပြီး ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၄၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီစေဖို့ ဒေသခံတောင်သူတွေက မုန်းချောင်းရေနဲ့ မြေအောက်ရေတို့ကို အကျိုးရှိရှိအသုံးချပြီး စိုက်ပျိုးနေကြပါတယ်။ တောင်သူတွေ အဓိကစိုက်ပျိုးတဲ့သီးနှံတွေက ခရမ်းချဉ်၊ ပန်းမုန်လာ၊ မုန်ညင်း၊ မုန်လာဥ၊ ဆလတ်၊ ခရမ်း၊ ချဉ်ပေါင်၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ သခွား၊ ဘူး၊ ဖရုံ၊ တိုင်ထောင်ပဲ၊ နံနံပင် စတဲ့သီးနှံမျိုးစုံစိုက်ပျိုးတာပါ။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်စေဖို့နဲ့ ပြည်သူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်မျိုးစေ့တွေရရှိအောင် ဆောင်ရွက်ပေးတဲ့အပြင် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) စိုက်ပျိုးရေးနည်းပညာတွေကိုလည်း ပံ့ပိုးကူညီပေးထားပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးကြသည့်အပြင် တခြားစားဖိုဆောင်သီးနှံများဖြစ်သည့် ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး စသည့်စားဖိုဆောင်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အစားအစာဘေးကင်းလုံခြုံစေရေးနှင့် အရည်အသွေးကောင်းသီးနှံများ ရရှိစေရေးအတွက် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်တိုင်ကာလ၌ ခရီးသွားများဖြင့် အထူးစည်ကားခဲ့



နေပြည်တော် နိုဝင်ဘာ ၁၇

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်တိုင်ကာလ၌ ဘုရားဖူးခရီးသွားပြည်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

"တန်ဆောင်တိုင်ပွဲတော်ကာလမှာ လပြည့်နေ့ဟာ ဘုရားဖူးခရီးသွားတွေနဲ့ အထူးစည်ကားခဲ့ပါတယ်။ ပုဂံကို ပြည်တွင်းခရီးသွားတွေသာမက ပြည်ပခရီးသွားတွေလည်း အခုလကစပြီး အုပ်စုလိုက်စဝင်နေပါပြီ။ ပုဂံယဉ်ကျေးမှုဒေသဟာ အေးချမ်းသာယာပါတယ်။ ဒေသခံတွေကလည်း ပြည်တွင်းပြည်ပခရီးသွားတွေကို အမြဲတမ်းနွေးထွေးလှိုက်လှဲစွာကြိုဆိုဖိတ်ခေါ်နေပါတယ်"ဟု ထီးလိုမင်းလိုဘုရားမှ အတွင်းရေးမှူး ဦးတင်လှဦးကပြောသည်။

ပုဂံဒေသ၏ ခရီးသွားဝန်ဆောင်မှုကဏ္ဍသည် ပုဂံဒေသခံ ပြည်သူများ၏ လူမှုစီးပွားနှင့် အလုပ်အကိုင်အခွင့်အလမ်းကို များစွာအထောက်အကူပြုလျက်ရှိသည်။

"ဒီနှစ်တန်ဆောင်တိုင်ပွဲတော်ကာလမှာ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ရှိတယ်။ ပြီးတော့ နေပြည်တော်၊ ပဲခူးစသည်ဖြင့် နေရာဒေသတော်တော်များများမှာ ပွဲတော်တွေ စည်စည်ကားကား ကျင်းပခဲ့တဲ့အတွက် ပုဂံကိုလာတဲ့ခရီးသည်က အပြန်ဝင်တဲ့သဘောတော့ရှိတယ်။ ဒါပေမဲ့ တန်ဆောင်တိုင်လပြည့်နေ့မှာတော့ စည်ကားခဲ့တယ်။ ဒေသခံတွေ အရောင်းအဝယ်တွေ အဆင်ပြေကြတယ်။ ကျွန်တော်တို့လို လက်ပန်းချီဆွဲတဲ့ဆိုင်တွေအားလုံး ခရီးသွားတွေအပြည့်ရတယ်။ ပြီးတော့ ပြည်ပခရီးသွားတွေ ဝင်ရောက် လည်ပတ်တာမြင်ရတော့ ပိုပြီးဝမ်းသာရပါတယ်။ ခရီးသွားဝန်ဆောင်မှုနဲ့ ရပ်တည်နေရတဲ့ဒေသဖြစ်တဲ့အတွက် ခရီးသည်တွေလာရင် ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု လက်ပန်းချီရေးဆွဲသူ ကိုဇေယျာသန်းက ပြောသည်။

ပုဂံဒေသသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပခရီးသွားများသည် အမှတ်တရပစ္စည်း ဝယ်ယူခြင်းအပြင် လက်ပန်းချီဆွဲခြင်း၊ မြင်းလှည်းစီးခြင်းတို့ကို အများဆုံးပြုလုပ်လေ့ရှိပြီး လူငယ်များက ပို၍ လက်ပန်းချီရေးဆွဲလေ့ရှိကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုဒေသတွင် သီတင်းကျွတ်၊ တန်ဆောင်မုန်းပွဲတော်ကာလသည် ခရီးသွားဝင်ရောက်မှုများသော အချိန်ကာလဖြစ်ပြီး နတ်တော်လတွင် ကျင်းပမည့် အလိုတော်ပြည့်ဘုရားပွဲတော်ကာလနှင့် ပြာသိုလတွင် ကျင်းပမည့် အာနန္ဒာဘုရားပွဲတော်ကာလတို့သည်လည်း ရပ်နီးရပ်ဝေး ခရီးသွားများဖြင့် အထူးစည်ကားလေ့ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ - ကနူး

# တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ ဆဋ္ဌမနေ့တွင် မီးပုံးပျံစုစုပေါင်း ၁၈၂ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်နိုင်ခဲ့



တောင်ကြီး နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ၁၃၈၆ ခုနှစ် တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နိုဝင်ဘာလ ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မြို့နယ်လုံးကျွတ်စုပေါင်းမဟာဘုံကထိန်ပွဲတော်၊ မီးပဒေသာလှည့်လည်ပူဇော်ပြိုင်ပွဲ၊ ဈေးပွဲတော်၊ အရောင်းမြှင့်တင်ရေးပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ထိုသို့ ကျင်းပလျက်ရှိရာတွင် ပွဲတော်သို့ လာရောက်လည်ပတ်သည့် ဧည့်ပရိသတ်များဖြင့် စည်ကားလျက်ရှိပြီး ရင်တွင်းစကားသံများကို ယခုလိုကြားသိရပါသည်။

"ကျွန်မက မအေးချမ်းမိုးပါ။ တောင်ကြီးမြို့နယ်ကပါ။ မီးပုံးပျံလာကြည့်တာပါ။ မီးပုံးကနေ့ဆိုရင် နေ့လွှတ်အရုပ်လေးတွေရှိတယ်။ ညဆိုရင်တော့ ညမီးကြီးနဲ့ စိန်နားပန် စတဲ့မီးပုံးပျံတွေကိုတွေ့ရပါတယ်။ နေ့အရုပ်တွေဆိုရင် ခြေနှစ်ချောင်း၊ ခြေလေးချောင်း အရုပ်အစုံပေါ့နော်။ မီးပုံးပျံတွေကတော့ ကာလအချိန်ကြာမြင့်စွာ အချိန်ယူပြီးလုပ်ရတယ်ဆိုတော့ အလွန်လည်းလှ၊ အလွန်လည်းကြည့်လို့ကောင်းပြီး စိတ်ထဲအလွန်ပျော်ရွှင်ရပါတယ်။ ပွဲဈေးတန်းတွေလည်းရှိပြီးတော့ နေ့အရုပ်မှာဆိုရင် ဒေါင်း၊ ကြက်တူရွေး၊ ကြက်၊ ခို၊ ဘဲ၊ တောဝက်၊ ဆင်၊ မြင်း စတဲ့အရုပ်အစုံကို လှလှပပမြင်တွေ့ရပါတယ်"ဟု ပြောသည်။

ပွဲလာရောက်ကြည့်ရှုသူ အမျိုးသားတစ်ဦးက "ဒီတန်ဆောင်တိုင်ပွဲမှာ နေ့လွှတ်အရုပ်တွေကို လှလှပပစည်စည်ကားကားနဲ့ လွှတ်တင်နေတာတွေ့ရပါတယ်။ နေ့လွှတ်အရုပ်တွေကို မြင်တွေ့ရတာ ရင်သပ်ရှုမောဖွယ်ကောင်းလှပါတယ်။ လွှတ်တဲ့နေရာမှာ ကျွန်တော်အားပေးနေတာ ခြေနှစ်ချောင်း၊ ခြေလေးချောင်းစတဲ့ တစ်ရုပ်ထဲ၊ အတွဲလိုက်ဆိုရင် နှစ်ကောင်တွဲ၊ သုံးကောင်တွဲနဲ့မြင်တွေ့ရပြီးတော့ တချို့အရုပ်တွေဆိုရင် မီးလောင်ပျက်စီးသွားတာတွေလည်း တွေ့ရှိရပါတယ်။ ပရိသတ်များလည်း စည်စည်ကားကားနဲ့ အားရဝမ်းသာစွာ ကြည့်ရှုအားပေးနေကြတာကို တွေ့မြင်ရပါတယ်" ဟုပြောသည်။

အဆိုပါ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို နိုဝင်ဘာလ ၁၁ ရက်မှ ၁၆ ရက်အထိ ခြောက်ရက်တာကာလအတွင်း စိန်နားပန်မီးပုံးပျံ ၁၉ လုံး၊ ညမီးကြီးမီးပုံးပျံ ၂၂ လုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ ၁၇၄ လုံး၊ စုစုပေါင်း မီးပုံးပျံ ၂၇၁ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်နိုင်ခဲ့ပြီး နိုဝင်ဘာလ ၁၇ ရက်တွင် ကျန်ရှိသည့် စိန်နားပန်မီးပုံးပျံ သုံးလုံး၊ ညမီးကြီး မီးပုံးပျံ လေးလုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ ၃၅ လုံး၊ စုစုပေါင်း မီးပုံးပျံ ၄၂လုံးအား လွှတ်တင်ပူဇော်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)



# ၂၀၂၄ ခုနှစ် တရုတ်အပြည်ပြည်ဆိုင်ရာချစ်ကြည်ရေးညီလာခံ တက်ရောက်ရန် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကူမင်းမြို့သို့ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် နိုဝင်ဘာလ ၁၇ ရက်မှ ၂၀ ရက်ထိကျင်းပမည့် ၂၀၂၄ ခုနှစ် တရုတ်အပြည်ပြည်ဆိုင်ရာချစ်ကြည်ရေးညီလာခံသို့တက်ရောက်ရန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေ ၃ နာရီ မိနစ် ၂၀ က ရန်ကုန်မြို့မှ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

(သတင်းစဉ်)

# ကော့သောင်းမြို့နယ်အတွင်းပြည်တော်အေးစေတီတော်မြတ်ကြီး တန်ဆောင်တိုင်ဘုရားပွဲတော်တွင် ဘုရားဖူးလာပြည်သူများ၊ ဆီမီးပူဇော်သူများဖြင့်စည်ကား



ကော့သောင်း နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်ရှိ မြို့ကျက်သရေဆောင် ပြည်တော်အေးစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တန်ဆောင်တိုင်နှစ်ကျိပ်ရှစ်ဆူဘုရားပွဲကို တန်ဆောင်မုန်းလပြည့်နေ့မှစတင်ကာ လပြည့်ကျော် ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာနှင့်အညီ ကုသိုလ်ကောင်းမှုပြုလုပ်၍ ကုသိုလ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကော့သောင်းမြို့၏အထင်ကရဘုရားတစ်ဆူဖြစ်သည့် ပြည်တော်အေးစေတီတော်ဘုရားရင်ပြင်တော်တွင် မြို့နယ်အတွင်းရှိ ပြည်သူများ၊ ရပ်နီးရပ်ဝေးမှဘုရားဖူးလာပြည်သူများက ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ နံ့သာတိုင်များထွန်းညှိပူဇော်၍ ဘုရားဝတ်ပြုဆုတောင်းသူများ၊ ဆီမီးတစ်ထောင်ထွန်းညှိပူဇော်သူများနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများကိန်းဝပ်စံပယ်ရာ ပြည်တော်အေးသာသနာ့ဗိမာန်တော်ကြီးတွင်လည်း ဘုရားဖူးလာပြည်သူများနှင့် အထူးစည်ကားလျက်ရှိသည့်အပြင် စားစရာမုန့်ပဲသရေစာ၊ ကလေးကစားစရာ၊ အဝတ်အထည်များစသည်ဖြင့် ဘုရားပွဲဈေးရောင်း၊ ဈေးဝယ်သူများဖြင့် ယခင်နှစ်များထက်ပင် ပိုမိုစည်ကားလျက်ရှိကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

# ပဲခူးတန်ဆောင်တိုင်ပွဲတော်တွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကား

ပဲခူး နိုဝင်ဘာ ၁၇

၂၀၂၄ ခုနှစ် ပဲခူးတန်ဆောင်တိုင်ပွဲတော်၏ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (နိုဝင်ဘာလ ၁၆ ရက်) ညပိုင်းတွင် ပဲခူးရွှေမော်ဓောဘုရားလမ်းတစ်လျှောက်၌ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် ပွဲတော်တွင် ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲသူများဖြင့် အထူးစည်ကားခဲ့သည်။

အဆိုပါပွဲတော်ကျင်းပရာ ရွှေမော်ဓောဘုရားလမ်းတစ်လျှောက်၌ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်များမှထွက်ရှိသော MSME ထုတ်ကုန်အရောင်းဆိုင်ခန်းများ၊ မုန့်ဈေးတန်းများနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များတွင် ဈေးဝယ်သူများ၊ ပျော်ပွဲရွှင်ပွဲများ၊ တေးဂီတဖျော်ဖြေရေးနှင့် ကလေးကစားကွင်းများတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသူများ၊ အလှဓာတ်ပုံရိုက် Photo Booth များတွင် အလှဓာတ်ပုံရိုက်ကူးသူများဖြင့် အထူးစည်ကားများပြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၀၁၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၀၁၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# မကွေးတိုင်းဒေသကြီး မင်းဘူး၊ မင်းလှမြို့နယ်တို့မှ ဝါ၊ နေကြာစိုက်တောင်သူများနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုး တွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ မြန်မာနိုင်ငံဝါလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ကြိုင်၏ဝါကြိတ်စက်သို့ သွားရောက်၍ မင်းဘူး၊ မင်းလှမြို့နယ်တို့မှ ဝါ၊ နေကြာစိုက် သမဝါယမအသင်းသားတောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ လုပ်ငန်းလိုအပ်ချက်များဖြစ်သော ဝါမျိုးကောင်းမျိုးသန့်များ အချိန်မီရရှိရေး၊ စိုက်ဧကတိုင်းအတွက် လုံလောက်စွာရရှိရေး၊ ပိုးသတ်ဆေးများအသုံးပြုနိုင်ရေး တင်ပြချက်အပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဝါကြိတ်ဝါဖိစက်များ၊ ဆီကြိတ်စက်များဖြင့် ဝါစေ့ဆီနှင့် ဝါကြိတ်ဖတ်များ ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မင်းဘူးမြို့နယ် ဆင်ခေါင်းကျေးရွာသို့ သွားရောက်ပြီး ဆင်ခေါင်းစိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား တောင်သူဦးထွန်းငြိမ်း၏ လယ်မြေ ၁၀ ဧကတွင် ရှုရှားရွက်ဖျန်းမြေဩဇာကို မျိုးစေ့စိမ်သည့်အဆင့်မှစ၍ အသုံးပြုစိုက်ပျိုးထားသော ၂၁ ရက်သား ၈ ဧကစိုက်ခင်းနှင့်၁၅ ရက်သား ၂ ဧက စိုက်ခင်းကိုကြည့်ရှုစစ်ဆေးပြီး ကျေးရွာဓမ္မာရုံတွင် နေကြာနှင့် ဝါစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် အသင်းသားတောင်သူများထံ ရေဆင်းနေကြာမျိုးများပေးအပ်ပြီး တောင်သူဒေါ်သန်းသန်းဌေး၏ယာမြေမှ လယ်မြေသို့ကူးပြောင်းထားသော ကိုင်းတောလေး အရှေ့ကွင်း ကွင်းအမှတ် ၁၂၈၄ တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ တောင်သူ၏ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စက်ရေတွင်းလေးတွင်းတူးဖော်၍ ဆိုလာရေတင်စနစ် အသုံးပြုစိုက်ပျိုးထားသော ရှောပဒေသာစပါးမျိုး ၁၂၀ ရက်သား ၁၀ ဧကကို လိုက်လံကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် မကွေးမြို့နယ် အိုင်ကြီးကုန်းကျေးရွာသို့သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းအရှည် တစ်မိုင်ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ကုန်ထုတ်လမ်းဖောက်လုပ်ပေးပြီးဖြစ်၍ ကျေးရွာရှိ မြေဧက ၁၃၀ တွင် နှမ်း၊ မြေပဲများ အောင်မြင်စွာစိုက်ပျိုးကြရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ပေးရေး မှာကြားသည်။

ဆက်လက်၍ မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပေပင်ရိုး-ပုဂံမျှော်ကျေးရွာချင်းဆက်လမ်း အရှည် သုံးဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# More than 17,000 travellers visit at Ngwetaung beach in Hainggyikyun



NGAPUTAW November 17

A total of 17,566 local and international travellers paid visits to Ngwetaung beach near Myotinchaung Village of Hainggyikyun in Ngaputaw Township of Ayeyawady Region, said Daw Ni Ni Mar, the in-charge of the Ngaputaw Township Tour Service Association.

Travellers, amounting to 14,155 visited the beach in August but 17,566 in September.

Daw Ni Ni Mar, expressing her anticipation, said: "Ngwetaung beach is located near Myat Mawtinsoon Pagoda. The pilgrims heading to the pagoda take a relaxation at the beach. A total of 17,566 travellers visited the beach in September. In the open season, it is expected to reach more travellers in the region. In September, travellers mostly came from Yangon and Nay Pyi Taw including other regions and states. Local tour agencies give services to the travellers systematically."

Most of the travellers who visited the beach came from Yangon Region. Tour operators, local authorities and local people are taking responsibilities of convenience for the travellers, beautification, systematic taking a rest and disciplinary measures. **SK**

# Plan underway to grow more than 2,500 acres of kitchen crops in Pwintbyu Township

PWINTBYU November 17

Arrangements are being made to grow 2,557 acres of kitchen crops this winter in Pwintbyu Township of Magway Region, said Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department.

Local farmers started their farming works to grow crops in early November. They are striving for meeting the target cultivation. So, they have earmarked to grow 1,405 acres of chilli, 1,124 acres of onion and 28 acres of garlic, totalling 2,557 acres.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department clarified: "We planned to grow 2,557 acres of kitchen crops for local farmers to increase incomes this cold season. As the region has easy access to irrigated water, we believe thriving of kitchen crops in the region. Local farmers choose the strains of kitchen crops potential to fetch good prices in the domestic market. Our department helps local farmers ease their difficulties of quality strains of seeds, use GAP system for ensuring food safety and make natural fertilizers and pests."

Under the supervision of the Township Agriculture Department, farmers make land preparations for cultivation and make natural fertilizers and pests in order to grow kitchen crops for meeting the target cultivation.

**SK**

# Yinmabin District completes cultivation of more than 16,000 acres of sunflower in monsoon



YINMABIN November 17

The statistics of Yinmabin District Agriculture Department showed that a total of 16,086 acres of sunflower has been planted in Yinmabin District of Sagaing Region this monsoon.

In this regard, the district earmarked 16,250 acres of sunflower but local farmers in Yinmabin Township planted 7,769 acres of sunflower, Kani Township 3,887 acres, Salingyi Township 1,210 acres and Pale Township 3,220 acres, totalling 16,086 acres against the target cultivation.

Daw Myat Moe Win, Head of Yinmabin District Agriculture Department unveiled: "We planned to grow 16,250 acres of sunflower but local farmers have planted 16,086 acres against the target. They continue cultivation of sunflower on more croplands. It aims to reduce import of palm oil. So, they expand sown acreage of sunflower. Sunflower yields more volume of oil in production rather than groundnut and sesame."

In 2024-2025 monsoon, Yinmabin Township earmarked cultivation of 7,941 acres of sunflower, Kani Township 3,939 acres, Salingyi Township 1,150 acres and Pale Township 3,220 acres, totalling 16,250 acres.

Officials of relevant agriculture departments conduct training courses for farmers and agricultural staff to enhance their capacity to grow sunflower in respective townships.

Relevant township Agriculture Departments supply quality strains of crops and urea fertilizers to local farmer. Moreover, officials arrange exchange of quality strains of sunflower seeds among farmers. **SMK**

# More than 90,000 acres of monsoon paddy planted in KhinU Township this monsoon

KHINU November 17

Statistics of KhinU Township Agriculture Department stated that a total of 93,976 acres of croplands have been placed under monsoon paddy in KhinU Township of Sagaing Region this monsoon.

In 2024-2025 monsoon season, local authorities have earmarked more than 100,000 acres of monsoon paddy, 93,976 acres of which has so far been planted by local farmers.

U Nay Win Naing, Head of KhinU Township Agriculture Department stated: "This year, local authorities earmarked more than 100,000 acres of monsoon paddy in KhinU Township but local farmers have so far grown 93,976 acres of monsoon paddy against the target cultivation. Our department provides agricultural techniques and quality strains of crops for local farmers to grow crops meeting the target. Moreover, we make field trips to farmlands for growing paddy of farmers in time."

This year, officials of the Township Agriculture Department cooperate with local farmers in systematically growing monsoon paddy without difficulties.

Staff members of KhinU Township Agriculture Department raise farmer awareness to harvest paddy on time and keep them under shelter in time, prevent pests and minimize loss and waste of crops.

Officials of the Township Agriculture Department help local farmers select quality seeds, conduct surveillance against pests, weed farmlands, remove different strains of crops and systematic use fertilizers.

**SMK**

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# More than 28,000 acres of peanut reaped in Taze Township

TAZE November 17

According to the statistics of YeU District Agriculture Department, a total of 28,315 acres of peanut has been harvested in Taze Township of Sagaing Region this year.

Local authorities set plans to grow 35,710 acres of peanut in Taze Township this monsoon but local farmers have so far planted 35,740 acres of crop exceeding the target. Starting from August 2024, they have harvested peanut on 28,315 acres of croplands, yielding 42.74 baskets per acre.

U Zaw Myint Tun, Head of YeU District Agriculture Department disclosed: "So far, local farmers have reaped more than 28,000 acres of peanut and they continue reaping on the remaining croplands. Sown acreage of peanut is on the rise year after year."

Local farmers need to use 1.5 baskets of seeds per acre for peanut cultivation and cost more than Ks-200,000 per acre for quality strains of crops, labour charge, fertilizers and pesticides.

Officials of the Township Agriculture Department inspect progress of growing and harvesting peanut plantations for boosting per-acre yield of crops.

**SMK**

# Homalin District to grow some 3,000 acres of vegetables in coming winter

HOMALIN November 17

Statistics of Homalin District Agriculture Department stated that a total of 2,950 acres of vegetables will be grown in Homalin District of Sagaing Region in coming winter.

In the district, Homalin Township earmarked 2,850 acres of vegetables and Mobailuk 100 acres, totalling 2,950 acres, and these vegetables will be grown from October to December this year.

Daw Su Su Htwe, Head of Homalin District Agriculture Department said: "We gave a plan to grow more than 2,000 acres of vegetables in Homalin District in coming winter. Local farmers will grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage, and other crops. We raised awareness for farmers to grow crops in GAP system to produce fresh vegetables with least chemical residues for healthy consumption of people."

This year, officials of the district agriculture department will conduct agricultural training for local farmers and agricultural staff to enhance their capacity to grow vegetables and to produce fresh and healthy crops for public consumption.

Vegetable plantations are thriving in Homalin District, and officials of relevant Agriculture Department share agricultural techniques and inputs with local farmers.

**SK**

# Minkin Township oilseed growers cultivate over 27,000 acres of rain-fed crops

MINKIN November 17

A total of 27,418 acres of oilseed crops have been planted in Minkin Township, Kale District, Sagaing Region in this year rain crops planting season, according to statistics from Department of Agriculture for Minkin Township.

During the 2024-2025 rain crops planting season, 27,162 acres of oilseed crops are planned to be planted in Minkin Township, and 27,418 acres have been planted since May this year.

"Currently, we can plant more than the allotted acres for oilseed crops. As for oilseeds, we are in a successful position," said Daw Hayman Kyaw Win, head of the Department of Agriculture for Minkin Township.

In Minkin Township, 8,155 acres of peanuts, 19,019 acres of sesame and 244 acres of other oilseeds crops have been planted, totaling 27,418 acres of oilseed crops.

In the current 2024-2025 rain crops planting season, the acreage of oilseed crops earmarked to be planting in Minkin Township are as per following: 5,905 acres of peanuts and 21,257 acres of sesame, totaling 27,162 acres.

**SK**

# Kremlin comments on Putin-Scholz call

MOSCOW November 17

Kremlin spokesman Dmitry Peskov has described a recent phone call between Russian President Vladimir Putin and German Chancellor Olaf Scholz as detailed and very frank, with both leaders outlining their positions. He spoke to journalist Pavel Zarubin in an interview published on Sunday.

The call took place on Friday, marking the first time the two leaders communicated directly in nearly two years. The Kremlin stated that the last time Putin and Scholz spoke over the phone was on December 2, 2022. It lasted about an hour and included the topic of the Ukraine conflict.

When asked about the language used, Peskov confirmed that Putin spoke in Russian through a translator, despite the Russian leader's proficiency in German.

"Some things are best conveyed in one's native tongue," he noted.

Zarubin also inquired about the general tone of the call. Peskov characterized it as "quite a business conversation," emphasizing that it was both a detailed and candid exchange of views.

The reporter also asked about the timing of the call following such a lengthy silence, suggesting it might have been influenced by the recent US presidential election or the political situation in Germany. The conversation occurred shortly after the US vote and just ahead of the G20 summit in Brazil, which Scholz is scheduled to attend on Sunday. Foreign Minister Sergey Lavrov is expected to represent Russia at the meeting.

Peskov remarked that various factors appear to have come together to make renewed dialogue possible, which he considered an essential step forward. He called it a positive development, since President Putin has consistently expressed openness to discussion.

According to Berlin's account of the call, Chancellor Scholz pressed for the withdrawal of Russian troops from Ukraine and reaffirmed Germany's support for Kiev. He is currently facing a no-confidence vote and potential early elections following the collapse of his governing coalition over budget disagreements. In recent years, Berlin has shifted billions of euros from domestic priorities to Ukraine.

The Kremlin's readout said that Putin explained the root causes of the conflict to Scholz and said that Moscow remains open to resuming the talks that Kiev broke off.

Putin stated that Russia's terms are "well known," as outlined back in June. He demands that Ukraine adopt a neutral status, remain nuclear-free, and undergo demilitarization and denazification. Additionally, the Russian leader insists on protecting the rights of Russian-speaking citizens in Ukraine and recognizing Crimea, Sevastopol, Donetsk, Lugansk, Kherson, and Zaporozhye regions as part of Russia, along with the removal of all Western sanctions. **RT**

# China's first deep-ocean drilling vessel enters service

GUANGZHOU November 17

The Meng Xiang, China's first domestically designed and built deep-ocean drilling vessel with a maximum drilling depth of 11 kilometers was officially commissioned in the southern Chinese metropolis of Guangzhou on Sunday, marking a significant stride to reach where humanity has never ventured before.

As China's largest scientific research vessel, the Meng Xiang, meaning "Dream" in Chinese, measures 179.8 meters in length and 32.8 meters in width, with a displacement of 42,600 tons. It boasts a range of 15,000 nautical miles, a self-supportability for 120 days, and a capacity to accommodate 180 people.

"The deep-earth core samples it retrieves will provide global scientists with direct evidence to study plate tectonics, oceanic crust evolution, ancient marine climates, and the evolution of life," said Xu Zhenqiang, director of Guangzhou Marine Geological Survey under China Geological Survey. "It will aid humanity in better understanding, protecting, and utilizing the oceans."

The vessel is the first in the world to integrate functions such as deep-ocean scientific drilling, oil and gas exploration, and natural gas hydrate investigation and trial extraction. After two rounds of sea trials, its key performance indicators exceeded design expectations, according to Zhang Haibin, chief designer of the Meng Xiang.

It is equipped with the world's first hydraulic lifting rig capable of both oil and gas exploration and core sampling, with a top drive lifting capacity of 907 tons. It supports four drilling modes and three coring methods, fulfilling diverse operational needs such as deep-ocean coring and deep-sea resource exploration.



The vessel also features nine advanced laboratories, covering areas such as geology, geochemistry, microbiology, ocean science, and drilling technology. It also includes the world's first automated shipborne core sample storage system which supports marine research.

Designed to meet the safety standards for super typhoons, it can operate normally in rough sea conditions and is capable of global missions in unrestricted waters.

Traditionally, human activities and scientific exploration have been limited to the Earth's crust, which averages 15 kilometers in thickness. Beneath the crust lies the mantle, a crucial layer linking the surface to the core. The commission of the Meng Xiang marks a significant stride for humanity to reach or even break through the boundary between the crust and mantle, known as the Mohorovicic discontinuity, or Moho. **Xinhua**

# Russia hits Ukrainian military airfields, energy facilities - MoD

MOSCOW November 17

The Russian armed forces have attacked Ukrainian military airfields, as well as gas production and energy facilities used by military enterprises, the Russian Defence Ministry said on Sunday.

"Operational-tactical aviation, strike drones, missile troops and artillery … hit the infrastructure of military airfields, gas production facilities, energy facilities used for the operation of enterprises of the military-industrial complex of Ukraine, a warehouse of unmanned aerial vehicles, as well as enemy manpower and military equipment in 144 areas," the ministry said in a statement. **Sputnik**

# 39.7 billion USD worth of deals inked at Airshow China



GUANGZHOU November 17

Around 285.6 billion yuan (about 39.7 billion U.S. dollars) worth of deals were signed at the 15th China International Aviation and Aerospace Exhibition, also known as Airshow China, in Zhuhai, south China's Guangdong Province.

The deals involve 1,195 aircraft of various models, according to the organizing committee of Airshow China, which closed on Sunday.

The organizer said that 1,022 companies from 47 countries and regions participated in the six-day event, with 261 aircraft and 248 types of ground equipment exhibited. Meanwhile, 247 activities were held, including conferences, signing ceremonies and business negotiations.

Some star products at the event this year include the J-35A stealth fighter jet, J-15T fighter jet and HQ-19 surface-to-air missile weapon system. The cargo hold of Y-20 aircraft and the Chang'e-6 mission lunar samples, collected from the far side of the moon, were displayed to the public.

Other eye-catchers include unmanned aerial vehicles and unmanned ships, as well as flying cars and electric vertical take-off and landing (eVTOL) aircraft.

Airshow China attracted nearly 590,000 spectators. Some 4,500 journalists from more than 400 media organizations from home and abroad covered the event. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Now pollution may be behind yet another debilitating condition - after bombshell autism link



Air pollution could be to blame for eczema.

For research suggests people living in heavily polluted cities are at higher risk of developing the condition.

They're also more likely to struggle with flare ups when air quality is considered 'moderate' — typically seen in the likes of London and New York — according to the same study.

It comes just days after experts found air pollution breathed in by women during pregnancy may be linked to a greater risk of autism in their offspring.

In this new research, US researchers tracked over 286,000 adults in more than 780 areas, asking them about their general health.

The average levels of particles less than 2.5 micrometers in diameter (PM2.5), close to their homes were also assessed.

These are the tiniest microscopic particles in the air that can penetrate deep into tissue and have been linked to health woes such as heart disease and dementia.

Factors that could skew the results, such as food allergies and smoking status, were also accounted for.

Researchers at Yale University in Connecticut found that for every 10 microgram per cubic metre increase in PM2.5, eczema rates more than doubled.

Study lead author and assistant professor of dermatology at Yale University, Jeffrey Cohen, said: 'In more polluted areas of the country, there was more eczema.'

Writing in the journal PLOS ONE, the researchers also added: 'Showing that individuals in the United States who are exposed to particulate matter are more likely to have eczema deepens our understanding of the important health implications of ambient air pollution.'

The scientists, however, acknowledged the study had some limitations including only using P.M.2.5 data for each location from 2015.

The World Health Organization has long demanded countries take tougher action to combat the scourge of pollution, which is thought to kill 7million people every year globally.

Eczema is a group of inflammatory skin conditions causing itchiness, dry skin, rashes, scaly patches and infections that affect up to 25 percent of the population.

The condition can intensify to such an extent it becomes debilitating, with inflamed skin all over the body.

At least one in ten children will have eczema at some point but they will typically grow out of it as their immune system develops.

It is believed to occur in people with a common genetic mutation that leads to very dry skin.

Flare-ups of symptoms can also be linked to allergies or triggered by certain soaps or foods.

Dermatologists will usually first prescribe creams and washes to deal with the dry skin, and steroid creams to reduce swelling and redness.

If these are ineffective then immunosuppressant drugs, such as ciclosporin or methotrexate, are given.

It comes as researchers this week also suggested that air pollution may be linked to a greater risk of developing autism.

A review of the latest scientific literature outlined how babies with a higher genetic risk of the developmental disorder exposed to four common air pollutants were more likely to develop the condition.

It's thought that when breathed in during early childhood, or in development in the womb, these microscopic pollutants can get into the bloodstream.

Autism rates have exploded worldwide.

Analysis shows diagnoses of the disorder have risen nearly 800 per cent in Britain over the last few decades, with rates nearly tripling in the US.

**Mail Online**

# Top expert reveals the type of coffee that's linked to cancer - and the one that's the healthiest for you



Instant coffee is the most commonly consumed type of coffee in the UK, but experts warn drinking too much could increase your risk of some types of cancer.

That's because the popular caffeinated drink contains twice as much acrylamide than ground coffee — a chemical substance produced when food, including coffee beans, is cooked at high temperatures.

It's been declared as a 'problem human carcinogen' by the International Agency for Research on Cancer (IARC), meaning there is evidence the chemical can cause cancer in humans.

Laboratory tests revealed acrylamide in the diet causes lung and reproductive cancers in animals and scientists agree that it has the potential to cause cancer in humans as well, according to the Food Standards Agency (FSA).

However, you would need to drink about ten cups of instant coffee a day for your intake of acrylamide to become a concern, according to researchers at McGill University in Canada.

Dr Pál Maurovich-Horvat, the director of medical imaging at Semmelweis University in Budapest told The Telegraph that instant coffee contains melanoidins, an antioxidant that increases the diversity of bacteria in your gut which can also help protect against disease.

However, filter coffee and espressos are thought to be some of the healthiest forms of your morning brew.

Filter coffee — which is made by passing ground beans and hot water through a paper or mesh metal filter — has been found to contribute to lower rates of artery disease, which is the most common cause of heart attacks.

That's according to researchers in Norway who studied the coffee habits of 500,000 people over two decades and discovered drinking four cups of filter coffee a day will help you reap these heart health benefits.

Espresso-based coffees, which includes cappuccinos, lattes and flat whites, are thought to be beneficial to our brains and are linked to a reduced risk of Alzheimer's.

An Italian study from 2023 found extracts of espresso reduced the build-up of the toxic protein called tau — which fuels dementia — when mixed with brain samples in petri dishes.

Research has also shown that caffeine decreases the build-up of amyloid and reduces inflammation and cell death in the brain, which may reduce dementia risk.

But Alzheimer's Society explains this has only been proven in mice and not humans, meaning the connection still is not certain.

**Mail Online**

INNOVATION

# လူတွေလုပ်သမျှကို အတုယူကာ ထပ်တူလိုက်လုပ်နိုင်တဲ့ အိမ်သန့်ရှင်းရေးစက်ရုပ်

ဗီယင်နာမြို့မှာရှိတဲ့ သုတေသနပညာရှင်များရဲ့ လေ့လာဖန်တီးမှုများကြောင့် အိမ်သန့်ရှင်းရေးစက်ရုပ်များထွက်ပေါ်လာဖို့ ခြေတစ်လှမ်းနီးလာပါပြီ။ လက်ရှိမှာတော့ စမ်းသပ်ဆဲအဆင့်သာဖြစ်ပေမယ့်လည်း အဲဒီစက်ရုပ်က လူသားတွေလုပ်သမျှအရာတိုင်းကို ကိုယ်တိုင်လေ့လာမှတ်သားအတုယူကာ ထပ်တူလိုက်လုပ်နိုင်စွမ်းရှိနေတာကိုတွေ့ရပါတယ်။

စက်ရုပ်တစ်ရုပ်အနေနဲ့ ရှုပ်ထွေးလှတဲ့ ရေအင်တုံတစ်လုံးရဲ့အနားသတ်တွေကို ရေမြှုပ်ဖော့နဲ့ လိုက်ပြီးတိုက်ချွတ်ဖို့ဆိုတာ တော်တော်လေးမလွယ်ကူတဲ့ကိစ္စပါ။ ဒါပေမဲ့လည်း သုတေသနပညာရှင်များရဲ့ တီထွင်ဖန်တီးမှုကြောင့် လူသားတို့သင်ပေးသမျှအတိုင်း ထပ်တူလိုက်လုပ်နိုင်စွမ်းရှိတဲ့စက်ရုပ်ကို ဖော်ထုတ်နိုင်ခဲ့တာပါ။ သုတေသနပညာရှင်များရဲ့ တီထွင်ဖန်တီးမှုက အိမ်သန့်ရှင်းရေးစက်ရုပ်နေရာမှာတင် ရပ်တန့်သွားမှာမဟုတ်ပါဘူး။ ဒီနည်းပညာကို အခြေခံခြင်းအားဖြင့် ပရိဘောဂထုတ်လုပ်ရေးလုပ်ငန်းတွေမှာလည်း အသုံးဝင်တဲ့စက်ရုပ်များကိုရရှိနိုင်စေမှာပါ။

ဒီနည်းပညာက အမြင်အားဖြင့်တော့ လွယ်ကူပါတယ်။ စက်ရုပ်မှာပါတဲ့ကင်မရာကနေ လူသားတွေလုပ်တဲ့ပုံစံကို ရိုက်ကူးမှတ်တမ်းတင်ခြင်းအားဖြင့် အခုလိုမျိုးစက်ရုပ်ကိုရရှိလာတာပါ။ **Ref: IE**

**K.H**



# XPENG က အဆစ်ပေါင်း ၆၀ ကျော်ပါတဲ့ လူတူစက်ရုပ်ကိုပြသ

တရုတ်နိုင်ငံမှ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ XPENG ကလည်း တက်စလာနည်းတူ လူတူစက်ရုပ်တစ်မျိုးကို ထုတ်ဖော်ပြသလိုက်ပါတယ်။ စက်ရုပ်ရဲ့နာမည်ကိုတော့ Iron လို့ပေးထားပါတယ်။

Iron ဟာ လူတုစက်ရုပ်ဆိုတဲ့အတိုင်းပဲ လူတစ်ယောက်လိုမျိုး လှုပ်ရှားသွားလာနိုင်စွမ်းရှိစေဖို့ သူ့မှာ အဆစ်ပေါင်း ၆၀ ကျော်ကို ထည့်သွင်းတပ်ဆင်ပေးထားတယ်လို့ဆိုပါတယ်။

ဒါ့အပြင် ၂၀၀ ဒီဂရီအထိကို လွတ်လပ်စွာလှုပ်ရှားနိုင်တာကြောင့် သူ့ကိုမော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းမှာပင်အသုံးပြုနေပြီဖြစ်ကြောင်း XPENG က ထုတ်ပြန်ထားပါတယ်။

XPENG က ဒီစက်ရုပ်ကို 2024 AI Day Event မှာထုတ်ဖော်ပြသခဲ့တာပါ။ အဲဒီပွဲမှာ XPENG ကဖန်တီးထုတ်လုပ်ထားတဲ့ AI နည်းပညာတွေကို ပြသခဲ့တာဖြစ်ပါတယ်။ Iron က ဒီပြပွဲမှာ အထူးပြသမှုတစ်ခုအနေနဲ့ပါဝင်ခဲ့တာပါ။

အရပ် ၅ ပေ ၈ လက်မနဲ့ အလေးချိန် ၁၅၄ ပေါင်ရှိတဲ့ Iron က အခုဆိုရင် XPENG ကနေ နောက်ထပ်ထုတ်လုပ်မယ့် P7+ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ရေးလုပ်ငန်းမှာ ပစ္စည်းတပ်ဆင်ရေးကဏ္ဍကနေ လူသားအလုပ်သမားတစ်ဦးကဲ့သို့ ပါဝင်လာနေပြီပဲဖြစ်ပါတယ်။ **Ref: IE**

**K.H**



MILITARY

# တရုတ်ကထုတ်လုပ်လိုက်တဲ့ ရေမိုင် ၄၀၀၀ ကျော်အထိသွားနိုင်မယ့် Killer Whale မောင်းသူမဲ့ကိုယ်ပျောက်ရေယာဉ်



တရုတ်နိုင်ငံ ကျူးဟိုင်မြို့မှာ ပြီးခဲ့တဲ့ သီတင်းပတ်ကကျင်းပတဲ့ လေကြောင်းပြပွဲမှာ အမျိုးမျိုးသောလေယာဉ်များနဲ့အတူ တစ်မူထူးခြားစွာပါဝင်လာတဲ့အရာတစ်ခုက Killer Whale လို့ အမည်ပေးထားတဲ့ မောင်းသူမဲ့ကိုယ်ပျောက်ရေယာဉ်တစ်စင်းပဲဖြစ်ပါတယ်။

အဲဒီရေယာဉ်ကို တရုတ်သင်္ဘောကျင်းကော်ပိုရေးရှင်းကထုတ်လုပ်ထားတာဖြစ်ပြီး တန်ချိန်အားဖြင့် ၅၀၀ ရှိကာ ပင်လယ်ပြင်ထဲမှာ အချိန်ကြာမြင့်စွာတာဝန်ထမ်းဆောင်နိုင်မယ်လို့ဆိုပါတယ်။

Killer Whale ရေယာဉ်ကို ဒီဇယ်နဲ့ လျှပ်စစ်စွမ်းအင် ပေါင်းစပ်အသုံးပြုမောင်းနှင်သွားမှာဖြစ်တဲ့အတွက် အမြင့်ဆုံးမြန်နှုန်းအနေနဲ့ တစ်နာရီကို ရေမိုင် ၄၀ ကျော် မောင်းနှင်နိုင်မှာဖြစ်ပြီး သွားလာနိုင်တဲ့အကွာအဝေးက ရေမိုင် ၄၀၀၀ ကျော်ဖြစ်ပါတယ်။

ဒါ့အပြင် သူ့မှာသင်္ဘောဖျက်ဒုံးကျည်တွေ၊ ရေပြင်မှဝေဟင်ပစ်ဒုံးကျည်တွေအပါအဝင် လက်နက်အမျိုးမျိုးတပ်ဆင်နိုင်ပြီး ရေယာဉ်ပံ့ပိုးမှာဆိုရင်လည်း ရဟတ်ယာဉ်ဆင်းကွင်းအထိ ပါဝင်နေတာကိုတွေ့ရပါတယ်။

Killer Whale ကိုအသုံးပြုနိုင်တဲ့နေရာတွေက သမားရိုးကျကင်းလှည့်တာအပြင် ရေငုပ်သင်္ဘောဖျက်၊ လေကြောင်းရန်ကာကွယ်ရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းများမှာဖြစ်ပါတယ်။

အခုလိုမျိုး ရေယာဉ်တွေကိုထုတ်လုပ်ခြင်းအားဖြင့် အရှေ့အလယ်ပိုင်းဒေသမှာရှိတဲ့ ရေတပ်တွေကို ဆွဲဆောင်နိုင်ပါလိမ့်မယ်။ အကြောင်းရင်းကတော့ အဲဒီရေတပ်တွေဟာ ပင်လယ်ပြင်ကြီးတစ်ခုလုံးကို စိုးမိုးဖို့ထက် ကမ်းနီးရေတိမ်ပိုင်းဒေသတွေကို အဓိကစိုးမိုးမှုရရှိအောင်လုပ်နေရတဲ့အတွက်ပါပဲ။ **Ref: IE**

**K.H**

# အဆင့်မြင့်နည်းပညာအသုံးပြုထားတဲ့ ကင်းထောက်လေယာဉ်ရဲ့ဓာတ်ပုံ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနကထုတ်ဖော်ပြသ



အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အဆင့်မြင့်နည်းပညာအသုံးပြုထားတဲ့ ကင်းထောက်လေယာဉ်ရဲ့ဓာတ်ပုံကို ထုတ်ဖော်ပြသလိုက်ပါတယ်။ အဲဒီလေယာဉ်ကို ATHENA လို့ အမည်ပေးထားတာပါ။

ATHENA အတွက်ကိုယ်ထည်ကိုတော့ Bombardier Global 6500 ဂျက်လေယာဉ်ရဲ့ကိုယ်ထည်ပေါ်မှာတည်ဆောက်ထားတာဖြစ်ပြီး အဆင့်မြင့်မားလှတဲ့ အာရုံခံကိရိယာတွေ၊ ဆက်သွယ်ရေးစနစ်တွေ တပ်ဆင်ပေးထားတာတွေ့ရပါတယ်။

ATHENA မှာ နောက်ဆုံးပေါ်အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်တွေလည်း တပ်ဆင်ထားတာတွေ့ရပါတယ်၊ ဒီအတွက်ကြောင့် ရန်သူ့ဆက်သွယ်ရေးစနစ်တွေကိုလည်း ဟန့်တားနှောင့်ယှက်ပြီး ပိတ်ချတာမျိုးတွေလုပ်နိုင်ပါတယ်။

သူ့ကို ကျယ်ပြောလှတဲ့ နယ်မြေပတ်ဝန်းကျင်မှာ ဘက်စုံထောက်လှမ်းရေးလုပ်ငန်းတွေကို ပိပိရိရိနဲ့လုပ်ဆောင်နိုင်စေဖို့ ဒီဇိုင်းရေးဆွဲထားတာဖြစ်ပါတယ်။ အခုလိုမျိုး အဆင့်မြင့်လှတဲ့ ကင်းထောက်လေယာဉ်ကိုအသုံးပြုခြင်းအားဖြင့် အမေရိကန်တပ်မတော်က လိုအပ်တဲ့အချက်အလက်တွေ၊ ပတ်ဝန်းကျင်အခြေအနေသိရှိမှုတွေကို အချိန်နဲ့တစ်ပြေးညီရရှိနိုင်မှာဖြစ်တာကြောင့် စစ်ဆင်ရေးလုပ်ငန်းများကို ပိုမိုအောင်မြင်စေမယ်လို့ဆိုပါတယ်။ **Ref: IE**

**K.H**



**၁ ကျောဖုံးမှအဆက်**

လီမာမြို့၌ဆောင်ရွက်နေသော APEC ထိပ်သီးအစည်းအဝေး၏ဘေးပန်းတွေ့ဆုံမှု၌ဆွေးနွေးစဉ် ရှီကျင့်ဖျင်က ယခုကဲ့သို့ တောင်းဆိုလိုက်ခြင်းဖြစ်သည်။

အလားတူ ထိုင်ဝမ်ကျွန်းရှိလွတ်လပ်ရေးကြိုးပမ်းနေသည့်အဖွဲ့များသည် ဒေသတွင်း၌ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးတို့နှင့် မကိုက်ညီကြောင်း၊ ထို့ကြောင့် အမေရိကန်အနေဖြင့် ထိုင်ဝမ်ကျွန်း၏ လုပ်ဆောင်မှုအချို့ကို အတိအလင်း ကန့်ကွက်ကာ တရုတ်နိုင်ငံ၏ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးကြိုးပမ်းမှုကို ထောက်ခံအားပေးရန် ရှီကျင့်ဖျင်က ဂျိုးဘိုင်ဒင်ကို ပြောသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာလ ၁၇ ရက်တွင် ထုတ်ပြန်ထားသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကြား၌ ဖြတ်သန်းမရနိုင်သည့် မျဉ်းနီလေးကြောင်းရှိကြောင်း၊ ထိုမျဉ်းများမှာ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ နိုင်ငံရေးစနစ်များနှင့် တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးတို့ဖြစ်ပြီး ထိုမျဉ်းများကို နည်းနည်းလေးမှပင်စိန်မခေါ်သင့်ကြောင်း ရှီကျင့်ဖျင်က ဂျိုးဘိုင်ဒင်ကိုပြောထားသည်ဟုသိရသည်။

**Ref: SCMP**

## အမေရိကန်၌ Clade I အမျိုးအစား မျောက်ကျောက်ရောဂါပထမဆုံးဖြစ်ပွား

**ဝါရှင်တန်ဒီစီ၊ ကျန်းမာရေး**

အမေရိကန်၌ Clade I အမျိုးအစား မျောက်ကျောက်ရောဂါ ပထမဆုံးဖြစ်ပွားမှုရှိလာကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးဌာနက နိုဝင်ဘာလ ၁၆ ရက်တွင်ထုတ်ပြန်ကြေညာသည်။

ထိုရောဂါဖြစ်ပွားသူသည် ကယ်လီဖိုးနီးယားပြည်နယ်မှဖြစ်ပြီး မကြာသေးခင်က အာဖရိကဒေသအရှေ့ပိုင်းမှ ပြန်လာသူဖြစ်သည်။ ၎င်းသည် နိုင်ငံသို့ပြန်ရောက်ပြီးမကြာမီ ဆေးခန်းတစ်ခု၌ကုသမှုခံယူခဲ့ခြင်းဖြစ်သည်။

ယခုဖြစ်ပွားသည့် ရောဂါပိုးအမျိုးအစားသည်အာဖရိကဒေသအရှေ့ပိုင်းနှင့်အလယ်ပိုင်းတို့၌ ကူးစက်ပျံ့နှံ့လျက်ရှိသည့်ရောဂါပိုးဖြစ်ပြီး ကူးစက်မှုပြင်းထန်သော်လည်း လက်ရှိတွင်မူ အမေရိကန်ပြည်သူများကို ကူးစက်နိုင်ခြေအလွန်နည်းပါးကြောင်း ရောဂါကာကွယ်ထိန်းချုပ်ရေးဌာနက ထုတ်ပြန်ထားသည်။ အမေရိကန်နိုင်ငံအတွင်း ယခင်ဖြစ်ပွားနေသည့် ရောဂါပိုးအမျိုးအစားမှာ Clade II အမျိုးအစားဖြစ်ကြောင်းနှင့် ၎င်းမှာပြင်းထန်မှုမရှိကြောင်း သိရသည်။

**Ref: Xinhua**

## အီရန်က အမေရိကန်မှ ဒေါ်လာတစ်ထရီလီယံတောင်းဆို



**တီဟီရန်၊ နိုင်ငံရေး**

အမေရိကန်နိုင်ငံကချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကြောင့် ဆုံးရှုံးနစ်နာမှုများအတွက် အီရန်က အမေရိကန်မှ ဒေါ်လာတစ်ထရီလီယံကိုတောင်းဆိုလိုက်ကြောင်းသိရသည်။

ထို့ပြင် အမေရိကန်နိုင်ငံသည် အကြမ်းဖက်ဝါဒကိုထောက်ခံအားပေးနေကြောင်း၊ အီရန်နိုင်ငံ၏အခြေအနေကို ယိမ်းယိုင်စေရန်နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစည်လုပ်ဆောင်နေကြောင်း အီရန်အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး အလီရှမ်ခါနီက နိုဝင်ဘာလ ၁၆ ရက်တွင်ပြောသည်။

အမေရိကန်နိုင်ငံသည် အီရန်နှင့်အိမ်နီးချင်းနိုင်ငံများကြား စိတ်ဝမ်းကွဲစေရန်နှင့် အမေရိကန်၏မဟာမိတ်အဖွဲ့များ၊ အီရန်၏ရန်သူတော်ဖြစ်သည့် အစ္စရေးတို့ကို ကာကွယ်နိုင်ရေးရည်ရွယ်၍ ISIS နှင့် အယ်ကိုင်ဒါအဖွဲ့တို့ကိုဖွဲ့စည်းခဲ့သည်ဟု ပွင့်ပွင့်လင်းလင်းဝန်ခံထားကြောင်း အလီရှမ်ခါနီက ဆက်ပြောသည်။ သို့သော် အမေရိကန်အစိုးရအဆက်ဆက်သည် အီရန်နိုင်ငံကို အကြမ်းဖက်အားပေးနိုင်ငံအဖြစ်သတ်မှတ်ကာ ထိုနိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုများအပါအဝင် ပြင်းထန်သောအရေးယူပိတ်ဆို့မှုများကိုအကြိမ်ကြိမ်ချမှတ်ခဲ့ကြောင်း ရှမ်ခါနီကပြောထားသည်။

**Ref: RT**

# သတင်းတိုကဏ္ဍ

## ဘင်္ဂလားဒေ့ရှ်၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၄၀၀ အထက်ကျော်လွန်လာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၄၀၀ အထက်ရောက်ရှိလာကြောင်းနှင့် နိုင်ငံအတွင်း ထိုရောဂါကူးစက်ပျံ့နှံ့မှုမှာ ပိုမိုဆိုးဝါးလာလျက်ရှိကြောင်း တာဝန်ရှိသူများ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌သွေးလွန်တုပ်ကွေးရောဂါကြောင့် ဆေးရုံတက်ရသူ ၇၈၅၉၅ ဦးရှိရာ ၎င်းတို့အနက် ၄၀၇ ဦးသေဆုံးထားကြောင်း ထုတ်ပြန်ချက်၌ဆက်လက်ဖော်ပြထားသည်ကို တွေ့ရသည်။

အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးလေဝသပုံစံများလည်းပြောင်းလဲလာရသည့်အတွက် သွေးလွန်တုပ်ကွေးရောဂါကိုသယ်ဆောင်သည့်ခြင်များကို ပိုမိုပေါက်ပွားစေခြင်းဖြစ်ကြောင်း သတ္တဗေဒပါမောက္ခတစ်ဦးကပြောသည်။

ထို့ပြင် မြို့ပြဒေသများ၌ လူနေထူထပ်မှုများက သွေးလွန်တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုဆိုးဝါးစေခြင်းဖြစ်သည်ဟု ၎င်းကဆက်ပြောထားကြောင်းသိရသည်။

**Ref: Xinhua**

## မဏိပူရ၌ဖြစ်ပွားသော အကြမ်းဖက်ဆန္ဒပြမှုများအတွက် ရဲတပ်ဖွဲ့က လူ ၂၃ ဦးကိုဖမ်းဆီးထား

အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်၌ဖြစ်ပွားသောအကြမ်းဖက်ဆန္ဒပြမှုများနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က နိုဝင်ဘာလ ၁၇ ရက်တွင် လူ ၂၃ ဦးကိုဖမ်းဆီးထားသည်ဟုသိရသည်။

အကြမ်းဖက်ဆန္ဒပြသူများသည် လွှတ်တော်ကိုယ်စားလှယ်များ၏ နေအိမ်များကိုဖျက်ဆီးခြင်း၊ မီးတင်ရှို့ခြင်းများကိုလုပ်ဆောင်ကြောင်းပြည်သူရာပေါင်းများစွာကလည်း ဆန္ဒပြမှုများလုပ်ဆောင်သည်ကိုတွေ့ရသည်။

မဏိပူရပြည်နယ် အင်ဖာမြို့၌ဖြစ်ပွားသော အဆိုပါဆန္ဒပြမှုများက ပြီးခဲ့သည့်သီတင်းပတ်တွင် ကူကီးမျိုးနွယ်ဝင်အမျိုးသမီးတစ်ဦး အရှင်လတ်လတ်မီးရှို့အသတ်ခံရပြီးနောက် စတင်ဖြစ်ပွားလာခြင်းဖြစ်သည်။ ထိုအမျိုးသမီးကို မေတီမျိုးနွယ်စုများကသတ်ဖြတ်လိုက်ခြင်းဖြစ်သည်ဟု ကူကီးမျိုးနွယ်စုများက စွပ်စွဲထားသည်။ ယမန်နှစ်မေလမှစ၍ ထိုမျိုးနွယ်စုများကြားပဋိပက္ခဖြစ်ပွားမှုကြောင့် လူ ၂၅၀ ဝန်းကျင်သေဆုံးထားသည်။

**Ref: TST**

## ဂျပန်နိုင်ငံ ယာမာဂူချီကမ်းလွန်၌ လှေနှစ်စင်းတိုက်မိ လူသုံးဦးသေဆုံး

ဂျပန်နိုင်ငံ ယာမာဂူချီဒေသရှိကမ်းလွန်ပင်လယ်ပြင်၌ လှေနှစ်စင်းတိုက်မိမှုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါ လှေနှစ်စင်းတိုက်မိမှုသည် နိုဝင်ဘာလ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၄၅ မိနစ်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး တွန်းသင်္ဘောမှမာလိန်မှူးက သတင်းပို့လာခြင်းဖြစ်သည်။

လှေနှစ်စင်းတိုက်မိမှုကြောင့် ဖိုင်ခံလှေပေါ်လိုက်ပါလာသူလေးဦးသည် ရေထဲသို့ကျသွားသည်။ ထို့နောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုလုပ်ဆောင်ရာ သေဆုံးနေသူသုံးဦးကိုတွေ့ရှိသည်။

အသက် ၂၈ နှစ်ရှိ အမျိုးသားတစ်ဦးကို မူအသက်ရှင်လျက်ပြန်လည်ကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတွင်ဒဏ်ရာအနည်းငယ်သာ ရရှိထားသည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်ထားသည်။

ယခုဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်အခြေအနေများကို ကမ်းခြေစောင့်တပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**Ref: Xinhua**

## ကုလသမဂ္ဂကော်မတီ၏ထုတ်ပြန်ချက်ကို အစ္စရေးအပြစ်တင်ရှုတ်ချ

ကုလသမဂ္ဂ၏ကော်မတီက အစ္စရေးသည် ဂါဇာ၌ရည်ရွယ်ချက်ရှိစစ်ရာဇဝတ်မှုများကျူးလွန်နေသည်ဟူသောထုတ်ပြန်ချက်ကို အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက အပြစ်တင်ရှုတ်ချထားကြောင်းသိရသည်။

အစ္စရေးစစ်ဘက်သည် ဂါဇာဒေသ၌ လူအများအပြားသေဆုံးစေရန်၊ အငတ်ဘေးဆိုက်စေရန်နှင့် ပြင်းထန်ဒဏ်ရာများရရှိစေရန် ရည်ရွယ်ချက်ရှိရှိလုပ်နေကြောင်း၊ အစားရေစာပြတ်လပ်မှုကို စစ်ပွဲ၏နည်းလမ်းတစ်ခုအနေဖြင့် အသုံးချနေကြောင်း ကုလသမဂ္ဂအထူးကော်မတီကဖော်ပြထားခြင်းဖြစ်သည်။

သို့သော် ကုလသမဂ္ဂသည် ဘက်လိုက်မှုရှိသော ထုတ်ပြန်ချက်များကိုထုတ်ပြန်ရာတွင် ကိုယ်တိုင်ရရှိထားသည့်စံချိန်ကို ပင်ပြန်ချိုးနေကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာလ ၁၆ ရက်နှောင်းပိုင်းတွင်ထုတ်ပြန်ထားသည်။ အစ္စရေးစစ်ဘက်ကလည်း ဂါဇာပြည်သူများကို ပစ်မှတ်ထားခြင်းမရှိဘဲ ဟားမက်တို့ကသာ လူသားတံတိုင်းအဖြစ် အသုံးချနေကြောင်းပြောထားသည်။

**Ref: AFP**

## ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများ သန့်ရှင်းသာယာလှပရေးဆောင်ရွက်



ညောင်ဦး နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများ သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်တွင်းပြည်ပ ဘုရားဖူးပြည်သူများ ဘုရားစုံနေရာအနှံ့သွားရောက်ပြီး စိတ်အေးချမ်းစွာ ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ပုဂံမြို့ဟောင်းရှိ ဘုရားအမှတ် ၃၁၃၉ စေတီသို့ သွားရောက်ပြီး ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း အဆိုပါဝေမျှခြင်းပရဟိတအဖွဲ့ တာဝန်ရှိသူများထံမှ သိရသည်။

ထိုသို့ ပြည်သူ့အကျိုးပြုသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်ဟိန်း၏ ဦးဆောင်မှုဖြင့် ပရဟိတအဖွဲ့ဝင်များက ပုဂံမြို့ဟောင်းရှိ ဘုရားဖူးခရီးသွားဧည့်သည် သွားရောက်လည်ပတ်မှုနည်းသော ဘုရားအမှတ် ၃၁၃၉ စေတီတော်အား ပွင့်လင်းရာသီကာလ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဝင်ရောက်လည်ပတ်ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စေတီတော်ပရိဝုဏ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များကောက်ယူရှင်းလင်းခြင်းနှင့် ဖုန်မှုန့်များအပြောင်ရှင်းလင်းခြင်းတို့ကို စနစ်တကျသန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း၊ ယမန်နေ့ကလည်း ပုဂံမြို့ဟောင်းရှိဘုရားစေတီ အဆူ ၃၀ အား သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း အဆိုပါပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းက ပြောသည်။

ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများ သန့်ရှင်းသာယာလှပစေရန် ယခုကဲ့သို့ ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို ပုဂံရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဘုရားစေတီပုထိုး အဆူ ၁၀၀ ခန့်ကို လစဉ်သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ဝါသီးနှံ ၅၈၁၃ ဧကစိုက်ပျိုးပြီးစီး

ယင်းမာပင် နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ဝါသီးနှံ ၅၈၁၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ယင်းမာပင်ခရိုင်တွင် ဝါသီးနှံ ၉၇၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ယင်းမာပင်မြို့နယ်တွင် ၁၁၈၃ ဧက၊ ကနီမြို့နယ်တွင် ၅၅၂ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၂၃၁၈ ဧကနှင့် ပုလဲမြို့နယ်တွင် ၁၇၆၀ ဧက စုစုပေါင်း ၅၈၁၃ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ယင်းမာပင်ခရိုင်မှာ ဝါသီးနှံဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးလျက်ရှိပါတယ်။ ဝါသီးနှံများစိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေ တောင်သူများ လွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ထောက်ပံ့ပေးနေပါတယ်”ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းကပြောသည်။

ယခု၂၀၂၄-၂၀၂၅ခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်၌ ယင်းမာပင်ခရိုင်တွင် ဝါသီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၅၃၀ ဧက၊ ကနီမြို့နယ်တွင်၃၂၇၀ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၂၀၅၀ ဧကနှင့်ပုလဲမြို့နယ်တွင် ၁၈၅၅ ဧက စုစုပေါင်း ၉၇၀၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဝါသီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူလိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

## မှတ်စု

## မြန်မာ့ရိုးရာ ဝိုင်းခြင်း (သို့) ခြင်းအလှခတ်ကစားခြင်း



မင်းဘူး နိုဝင်ဘာ ၁၇

မြန်မာတို့သည် ခြင်းလုံးခတ်ကစားခြင်းကို ကိုယ်လက်လှုပ်ရှားမှုရိုးရာအားကစားတစ်ရပ်အနေဖြင့် ဘိုးဘေးဘီဘင်လက်ထက်မှအစပြုကာ ယနေ့အထိ မြတ်မြတ်နိုးနိုး ကစားလာခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ခြင်းခတ်ကစားခြင်းကို မည်သည့်အချိန်က စတင်ခတ်ကစားလာသည်ကို တိကျစွာမသိကြသော်လည်း ဒွတ္တဘောင်မင်းကြီးတည်ထားကိုးကွယ်ခဲ့သော သရေခေတ္တရာမြို့ဟောင်းရှိ ဘောဘောကြီးစေတီ ဌာပနာတိုက်မှ ငွေအတိဖြင့် ပြုလုပ်ထားသော ခြင်းလုံးတစ်လုံးကိုတူးဖော်တွေ့ရှိရသဖြင့် ထိုခေတ်ကပင်လျှင် ခြင်းလုံးနှင့် ခြင်းခတ်ကစားခြင်းများ ပေါ်ပေါက်နေပြီဟု ယူဆကြသည်။

မြန်မာသက္ကရာဇ်၁၂၀၈ ခုနှစ်၌ နန်းတက်သော ပုဂံမင်းလက်ထက်တွင် ယိုးဒယားပန်းပုသမားတစ်ဦးသည် ဆင်စွယ်ဖြင့် ထုထွင်းပြုလုပ်ထားသောခြင်းလုံးတစ်လုံးကို ပုဂံမင်းအားဆက်သရာ လွန်စွာနှစ်သက်တော်မူလှ၍ ထိုပုံအတိုင်း ကြိမ်ဖြင့်ထိုးစေပြီး နန်းတွင်းသား လူပျိုတော်တို့အား စတင်ခတ်ကစားစေခဲ့သည်ဟု အဆိုရှိခဲ့သည်။ ထိုအချိန်က ဝိုင်းခြင်းများသာ ခတ်ကစားကြပြီး ဝိုင်းခြင်းခတ်ကစားခြင်းသည် တစ်ဦးနှင့်တစ်ဦး၏စိတ်ကိုညီညွတ်စေသည့် သဘောရှိခဲ့သည်၊ ထို့ကြောင့်“အပေးအယူ စိတ်ကြည်ဖြူ ခြင်းမူစာဂ မျှစိတ္တ” ဟု ဆောင်ပုဒ်ရှိခဲ့သည်။

ခြင်းခတ်ကစားနည်းကို ခြင်းသေနှင့် ခြင်းရှင်ဟူ၍ နှစ်မျိုးခတ်ကစားကြပြီး ခြင်းသေကစားခြင်းကို ညှပ်ခြင်း ကစားသည်ဟုလည်း ခေါ်ဆိုကြသေးသည်။ ညှပ်ခြင်းဆိုသည်မှာ ကစားသူက ခြင်းလုံးကို သူ၏ ခန္ဓာကိုယ်ပေါ်ရှိ အစိတ်အပိုင်းအမျိုးမျိုးနှင့် ညှပ်၍ ကစားပြခြင်းပင်ဖြစ်သည်၊ ညှပ်ခြင်းကစားရာ၌ ခြင်းလုံး ၁ လုံးမှ ၆ လုံးအထိ ခဲရာခဲဆစ် အဆန်းထွင်ကစားကြသည်။

ခြင်းရှင်ကစားနည်းဆိုသည်မှာ ခြင်းလုံးတစ်လုံးကို လူ ၄၊ ၅ ယောက်က မြေသို့မကျအောင် ဝိုင်းဖွဲ့ခတ်ကစားကြရာမှ ယခုခေတ်နောက်ပိုင်းကာလများတွင် တံတောင်ဖြင့်တွက်ခြင်း၊ ပခုံးဖြင့်တော့ခြင်း၊ ခေါင်းဖြင့်ဆတ်ခြင်းဟူသော ကစားပုံအမျိုးမျိုးကို အဆန်းထွင်၍ လှပယဉ်ကျေးသော ကစားကွက်များဖြင့် ခြင်း၏ လှုပ်ရှားပုံအလိုက်ကျခြင်း၊ တက်ခြင်း၊ ပေးခြင်း၊ ဆင်းခြင်း၊ ထိန်းခြင်း၊ တော့ခြင်း၊ လှန်ခြင်း၊ လာခြင်း၊ ထွက်ခြင်း၊ ထောက်ခြင်း၊ ထိုးခြင်း၊ ဖြတ်ခြင်း၊ ပို့ခြင်း၊ မြေထိခြင်း၊ ကော်ခြင်း စသည့်အမှတ်အသားများဖြင့် ခတ်ကစားကြသည်။

ယခုအခါ ရိုးရာခြင်းခတ်ကစားနည်းများကို ဒူး၊ ခြေဖျား၊ ခြေဖမိုး၊ ခြေဖဝါး၊ ခြေဖနောင့်၊ ခြေခွင်၊ ခြေစောင်း စသည့်နည်းများအပြင် ပခုံး၊ ခေါင်း၊ ကျောကုန်း၊ တံတောင်၊ ရိုးရိုးဒူး၊ နှစ်ထပ်ဒူး၊ ဝိုက်ဒူး၊ မဟာဒူး၊ စလွယ်ခြင်း၊ ဝိုက်ခြင်း၊ ရုပ်ခြေထိုးခြင်းဟူသော မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုခြင်းအလှခတ်ကစားနည်းများသည် ကမ္ဘာက အားကျဂုဏ်ယူလောက်သည့် မြန်မာ့ရိုးရာခြင်းခတ်ကစားနည်းများပင် ဖြစ်ကြပါတော့သည်။ **ဇေယျာထက်(မင်းဘူး)**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

၁၈-၁၁-၂၀၂၄

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၇

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

(မိုး/ဇလ)

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များအား ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက်ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



(၂၃)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်
မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၂၀၊ ၂၁၊ ၂၂ )ရက် နေပြည်တော်


## သာစည်မြို့ ဟင်းခွက်အိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး



**သာစည် နိုဝင်ဘာ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဟင်းခွက်အိုင်ကျေးရွာအုပ်စု ဟင်းခွက်အိုင်ကျေးရွာ၌ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဟင်းခွက်အိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဟင်းခွက်အိုင်ကျေးရွာ၌ နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၇၅၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဇူလိုင်လဒုတိယပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှသိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## တပ်ကုန်းမြို့နယ် ဥယျာဉ်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာတွင်း ရိုစာလမ်းခင်းခြင်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကြက်သွန်ခင်းကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၌ ကျေးရွာတွင်းရိုစာလမ်းခင်းခြင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဥယျာဉ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ရိုစာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ဥယျာဉ်ကျေးရွာ ကျေးရွာတွင်းလမ်း အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မထု ရိုစာလမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၆၀ စုစုပေါင်းငွေကျပ်သိန်း ၂၁၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ ဥယျာဉ်ကျေးရွာသည် ရေကြီးရေလျှံပြီး ကျေးရွာတွင်းလမ်းများ ပျက်စီးခဲ့မှုကြောင့် ကျေးရွာသူ၊ ကျေးရွာသားများ သွားလာမှု အဆင်ပြေစေရေးဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ကျေးရွာတွင်းလမ်းများ ရိုစာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပေးနိုင်မှုကြောင့် ကျေးရွာနေပြည်သူများအတွက် သွားလာရေးများ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူသူ**

## အိန္ဒိယနိုင်ငံသို့ ၂၀၂၅ ခုနှစ်မှစ၍ နှစ်စဉ် မတ်ပဲတန်ချိန် ငါးသိန်းအထိ တိုးမြှင့်တင်ပို့နိုင်ရန်စီစဉ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကာ နှစ်စဉ် မတ်ပဲတန်ချိန် နှစ်သိန်းခွဲကျော် တင်ပို့နေရပြီး ၂၀၂၅ ခုနှစ်မှစ၍ နှစ်စဉ် မတ်ပဲတန်ချိန် ငါးသိန်းအထိ တိုးမြှင့်တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ သိရသည်။

ထိုသို့ မတ်ပဲများ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ယခုအခါ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ သက်ဆိုင်ရာတာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်လျက်ရှိသည်။

"အိန္ဒိယနိုင်ငံနဲ့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားတဲ့အထဲမှာ တစ်နှစ်ကို မတ်ပဲတန်ချိန် နှစ်သိန်းခွဲ တင်ပို့မယ်ဆိုပြီး သဘောတူလက်မှတ်ရေးထိုးထားတာရှိတယ်။ အဲဒီလို လက်မှတ်ရေးထိုးထားပေမယ့် လာမယ့်နှစ်မှာတော့ သဘောတူထားတဲ့ပမာဏထက် ပိုပြီးတင်ပို့နိုင်အောင် ဆွေးနွေးညှိနှိုင်းနေပါတယ်" ဟု မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ အကြံပေး ဦးစိုးဝင်းမောင်က ပြောသည်။

နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားခြင်းသည် ဈေးကွက်အဆင်သင့်ရှိသည့်သဘောဖြစ်ပြီး လက်ရှိတွင် အိန္ဒိယနိုင်ငံသို့ နှစ်စဉ် မတ်ပဲတန်ချိန် နှစ်သိန်းခွဲတင်ပို့ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသော်လည်း နှစ်စဉ် မတ်ပဲတန်ချိန် နှစ်သိန်းခွဲထက် ပိုမိုတင်ပို့နေရကြောင်း သိရသည်။

ပြည်ပသို့ ပဲမျိုးစုံတင်ပို့ရာတွင် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ အဓိကထားတင်ပို့လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာလကုန်အထိ ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် စုစုပေါင်း တန်ချိန် ၂ ဒသမ ၉၈ သန်းခန့်ရှိကြောင်း သိရသည်။

ထိုသို့ ပြည်ပသို့တင်ပို့သော ပဲမျိုးစုံအနက် မတ်ပဲတန်ချိန် ၅၇၀၀၀၀ ခန့်ရှိပြီး လက်ရှိတွင် မြန်မာ့ပဲများကို ပြည်ပသို့တင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများထက် ပင်လယ်ရေကြောင်းမှ အဓိကထားတင်ပို့လျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲ ၅၁၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲ ၅၁၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပြည်တွင်းစားရေရိက္ခာဖူလုံစေရေးနှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားရေးအတွက် ထောပတ်ပဲ ၇၇၃၂ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက လျာထားစိုက်ဧကပြည့်မီစေရန် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ထောပတ်ပဲ ၅၁၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားရေရိက္ခာဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့အတွက် ထောပတ်ပဲ ၇၇၃၂ ဧကစိုက်ပျိုးဖို့လျာထားဆောင်ရွက်ခဲ့တာ လက်ရှိအချိန်ထိ ၅၁၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီစေဖို့နဲ့ သီးနှံအထွက်နှုန်း ကောင်းမွန်စေဖို့အတွက် တောင်သူတွေကိုလည်း ထောပတ်ပဲစိုက်ပျိုးတာနဲ့ပတ်သက်ပြီး မြေမှန်၊ မျိုးမှန် စနစ်တကျစိုက်ပျိုးကြဖို့၊ သွင်းအားစုပစ္စည်းတွေ ဂရုတစိုက်သုံးစွဲကြဖို့၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းတာတွေကို ကြိုတင်ဆောင်ရွက်ကြဖို့ စတဲ့တောင်သူပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကအကျဆုံးက သီးနှံအရည်အသွေးကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ GAP စနစ်နဲ့ စိုက်ပျိုးခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ဖို့ သဘာဝပိုးသတ်ဆေး ထုတ်လုပ်အသုံးပြုခြင်း၊ အချိန်မီရိတ်သိမ်းခြင်း စတဲ့နည်းစနစ်တွေကို စနစ်တကျလိုက်နာဆောင်ရွက်မယ်ဆိုရင် အောင်မြင်ဖြစ်ထွန်းမှုရှိပြီး သီးနှံအထွက်နှုန်းလည်း ကောင်းမွန်စေမှာဖြစ်ပါတယ်" ဟု ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲသတ်မှတ်စိုက်ဧကပြည့်မီစေရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဒေသခံတောင်သူများက ကြိုးပမ်းစိုက်ပျိုးလျက်ရှိပြီး တချို့တောင်သူများသည် ထောပတ်ပဲစိုက်ပျိုးရာတွင် သီးနှံအပိုဝင်ငွေရရှိစေရန် သီးထပ်သီးညှပ်အဖြစ် ဖူးစားပြောင်းများနှင့် ရောနှောစိုက်ပျိုးကြကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။**

**၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်**
**(၂၅-၁၁-၂၀၂၄)**



## စာစီစာကုံး ကဗျာနှင့်ပန်းချီပြိုင်ပွဲကျင်းပ

မြဝတီ နိုဝင်ဘာ ၁၇

နိုဝင်ဘာလ ၂၅ ရက်တွင်ကျရောက်မည့် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြိုအဖြစ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာနှင့်ပန်းချီပြိုင်ပွဲတို့ကို နိုဝင်ဘာလ ၁၇ ရက်တွင် ကရင်ပြည်နယ် မြဝတီမြို့နယ် ပညာရေးမှူးရုံး၌ ကျင်းပသည်။

ထိုသို့ ပြိုင်ပွဲကျင်းပရာ၌ အထက်တန်းအဆင့် စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲတွင် အမျိုးသားရေးစိတ်ဓာတ်နှင့်ကျွန်ုပ်တာဝန် ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး၊ အထက်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် အမျိုးသားဂုဏ်ရောင် လတန်ဆောင် ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ အလယ်တန်းအဆင့်စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် လူငယ်နှင့်နိုင်ငံအနာဂတ် ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၉ ဦး၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် အမျိုးသားအောင်ပွဲ တို့ဆင်နွှဲ ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူကိုးဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် အမျိုးသားနေ့ တို့မမေ့ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူရှစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင်ဆုရရှိသူများကို မြို့နယ်ပညာရေးစုံညီပွဲတော်၌ ဆုများအသီးသီးပေးအပ်မည်ဖြစ်ကြောင်းသိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

## ရေစကြိုမြို့နယ်၌ ဝါသီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိ

ရေစကြို နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ ဝါသီးနှံ ၃၁၃၄ ဧက စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ရေစကြိုမြို့နယ် မြေခဲတောင်၊ ကိုင်းမကျီး၊ ပခန်း၊ မြေဖြူ၊ ငွေးချို၊ စည်သာ၊ ဆင်ချောင်း စသည့်ကျေးရွာတို့တွင် ဝါသီးနှံများကို အဓိကစိုက်ပျိုးလျက်ရှိပြီး ဝါသီးနှံစိုက်ပျိုးမှုကို နိုင်ငံတော်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံများ စိုက်ပျိုးရာတွင် သီးညှပ်စိုက်ပျိုးခြင်းနှင့် သီးသန့်စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြပြီး သီးသန့်စိုက်ပျိုးခြင်းကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဩဂုတ်လတွင် စတင်စိုက်ပျိုးကြပြီး မျိုးများအနေဖြင့်ဒေသမျိုး၊ ငွေချည်-၉၊ ရွှေတောင်-၁၀၊ ချည်မျှင်ရှည်ဝါ စသည့်မျိုးများကို စိုက်ပျိုးကြကြောင်း၊ ဝါသီးနှံ တစ်ဧကလျှင် မျိုးစေ့ ၇ ပိဿာခန့်စိုက်ပျိုးရပြီး စိုက်ပျိုးမှုအတွက် ထွန်ယက်ခ၊ မျိုးစေ့၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်ခြောက်သိန်းခန့် ကုန်ကျကြောင်းသိရသည်။

ဈေးကွက်အနေဖြင့် ဝါသီးနှံများကို ပခုက္ကူနှင့် ရေစကြိုမြို့ပေါ်ရှိ ဝါသီးနှံပွဲရုံတို့သို့ တင်ပို့ရောင်းချကြောင်း၊ ဝါသီးနှံသည် စိုက်ပျိုးရန်လွယ်ကူပြီး မိုးသီးနှံဖြစ်သည့်အတွက် မိုးတွင်းကာလတွင် စိုက်ပျိုးကာ မိုးကောင်းသောနှစ်များ၌ အထွက်နှုန်းပိုမိုထွက်ရှိကြောင်း၊ ယခုအချိန်တွင် ဝါသီးနှံများမှာအကိုင်းအခက်များဝေဆာ၍ အသီးအပွင့်များ စတင်ပွင့်ဖူးကာဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။ **ဇော်မျိုး(မြဝတီ)**



**သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့်**
**လိုအပ်သူများအလင်းရပါစေ။**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရန်ကုန်တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့်ဂီတပွဲတော်နောက်ဆုံးနေ့တွင် အပန်းဖြေလာရောက်လည်ပတ်ကြသူများဖြင့် အထူးပင်စည်ကား



တာမွေ နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်ပန်းခြံတွင် နိုဝင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ ရန်ကုန်တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့်ဂီတပွဲတော်ကို နေ့စဉ် နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အဆိုပါပွဲတော်နောက်ဆုံးနေ့ဖြစ်သည့် ယမန်နေ့ညနေပိုင်းအချိန်ကလည်း အပန်းဖြေလာရောက်လည်ပတ်ကြသူများဖြင့် အထူးပင်စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့်ဂီတပွဲတော်သို့ အပန်းဖြေလာရောက်ကြသူများ မျက်စိပသာဒဖြစ်စေရန်နှင့် အမှတ်တရဓာတ်ပုံများရိုက်ကူးနိုင်ရန် ရောင်စုံအလှဆင်မီးများစွာ ဆင်ယင်ပြသထားသလို စိတ်အပန်းပြေစေရန်အတွက်လည်း တေးဂီတဖျော်ဖြေပွဲကို စီစဉ်ပေးထားပြီး အနုပညာရှင်ပေါင်းများစွာက လာရောက်ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

“ သမီးတို့က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်က လာရောက်တာပါ။ တီဗွီကနေ ဒီပွဲတော်ကျင်းပနေတာကိုမြင်ပြီး အလုပ်ပိတ်ရက်မှာ သူငယ်ချင်းတွေနဲ့အတူ လာရောက်လည်ပတ်ဖြစ်တာပါ။ ဒီနေ့နဲ့ဆို ဒီကိုလာတာ နှစ်ရက်ရှိပါပြီ။ ဒီမှာက ရောင်စုံမီးတွေနဲ့ အလှဓာတ်ပုံလည်း ရိုက်လို့ရတယ်။ ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလည်း မီးပုံးပျံလွှတ်တင်ပြီး ဆီမီးပူဇော်ခွင့်ရတယ်။ နောက်ပြီး မီးရှူးမီးပန်းတွေပစ်ဖောက်တာကိုလည်း အနီးကပ်မြင်ရတဲ့အတွက် အတိုင်းမသိဝမ်းသာပျော်ရွှင်မိပါတယ် ” ဟု ပွဲတော်သို့ အပန်းဖြေလာရောက်လည်ပတ်သူတစ်ဦးကပြောသည်။

အဆိုပါပွဲတော်တွင် MSME လုပ်ငန်းများနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာများနှင့် MSME Talk Show များ၊ အထူး Promotion အနေဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ငါးထွက်ကုန်များကို ပြသရောင်းချခြင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ စာဖတ်ရှိန်မြင့်မားစေရေးအတွက် စာအုပ်အရောင်းဆိုင်များ၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၄၈၉ ခန်း ပြသရောင်းချခဲ့ကြောင်း၊ အဖိတ်နေ့နှင့်လပြည့်နေ့ညတို့တွင် မီးပုံးပျံများလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်သည့် အစီအစဉ်များ ကျင်းပခဲ့ပြီး ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသော အနုပညာရှင်များကလည်း ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြရာ ပွဲတော်နောက်ဆုံးနေ့တွင် အပန်းဖြေလာရောက်ကြသူများဖြင့် ယခင်နေ့များထက် အထူးပင်စည်ကားခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**



# တောင်သာမြို့နယ် ကန်သာယာ(လ)ကျေးရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

တောင်သာ နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကန်သာယာ(လ)ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ယနေ့နံနက်ပိုင်းတွင် မြို့နယ်ကျေးလက်ဦးစီးဌာန တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခင်မာပို၊ တာဝန်ရှိသူများနှင့်အတူ ကန်သာယာ(လ)ကျေးရွာတွင် အကျယ် ၄ လက်မခွဲ အနက်ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ တွင်းဆေးတွင်းမှုတ်ခြင်း၊ အင်ဂျင်ဒိုင်နမို၊ ပန့်တပ်ဆင်ခြင်းနှင့် ရေထွက်နှုန်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အကျိုးရှိရှိ အသုံးချပြီး လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ကန်သာယာ(လ)ကျေးရွာ၌ပြည်ထောင်စုရန်ပုံငွေကျပ် ၄၀ ဒသမ ၄၀၉ သန်းဖြင့် အကျယ် ၄ လက်မခွဲ(PVC)၊ အနက်ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ အင်ဂျင်ဒိုင်နမို၊ မော်တာ၊ ပန့်တပ်ဆင်ခြင်း၊ ရေစက်ရုံနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဦးစီးဌာနမှအင်ဂျင်နီယာစုဖွဲ့မှုဖြင့် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီး အဆိုပါရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကြောင့် ကန်သာယာ(လ)ကျေးရွာရှိ အိမ်ခြေ ၄၂ အိမ်မှ လူဦးရေ ၁၇၆ ဦးတို့အပြင် တစ်ဆက်တည်းတည်ရှိသော ကန်သာယာ(တောင်)နှင့် (မြောက်)ကျေးရွာတို့အတွက်ပါ သောက်သုံးရေအဆင်ပြေစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**သက်မာ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

နည်းပညာတက္ကသိုလ်(ဘားအံ) မြို့ပြအင်ဂျင်နီယာဌာန နောက်ဆုံးနှစ်မှ မအောင်မေမြင့် ၃/ဘအန(နိုင်)၄၀၅၉၆၉ ၏မိခင် ဒေါ်မြင့်နိုင်မေ(ခ)ဒေါ်မမြင့် ၁၂/မရက(နိုင်)၀၉၄၅၈၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်မြင့်နိုင်မေ(ခ)ဒေါ်မမြင့်

**ပျောက်ဆုံးကြောင်း**

ဝင်းကိုနိုင်(ဘ)ဦးတင်ငွေ ၇/နတလ(နိုင်)၁၁၆၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၆၉၃၄၀၀၈

**ပျောက်ဆုံးကြောင်း**

ယမင်းသန္တာထွန်း(ဘ)ဦးတင်ထွန်း ၁၂/တတန(နိုင်)၁၆၀၉၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဇင်မာသက်(ဘ)ဦးဝင်းလွင် ၉/တသန(နိုင်)၂၄၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဇော်မင်းအောင်(ဘ)ဦးကျော်လှ ၉/တကန(နိုင်)၁၆၃၄၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဥမ္မာသိန်း(ဘ)ဦးကျော်ရွှေ ၇/ထတပ(နိုင်)၀၉၉၅၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

နန်းခမ်းအိမ်(ဘ)ဦးထွန်းပေါ် ၁၃/ကခန(နိုင်)၀၄၅၅၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မောင်ကြွင်စိုး(ဘ)ဦးချစ်ဖုန်း ၁၂/ဗဟန(နိုင်)၀၆၂၅၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဝါဝါရွှေ(ဘ)ဦးရဲမြင့်ထွန်း ၇/အတန(နိုင်)၁၂၆၀၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

အောင်ကျော်ပိုင်(ဘ)ဦးဘချန် ၉/မဟမ(နိုင်)၀၇၁၂၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 349413)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

သန်းသန်းဦး(ဘ)ဦးဝင်းမြင့် ၉/တသန(နိုင်)၂၁၃၇၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**




**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နေ ဖိုးလပြည့်(ဘ)ကျော်စန်းမိုး ၇/ဒဥန(နိုင်)၁၉၄၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မိုးညှင်းမြို့၊ ရွှေဥဒေါင်းရပ်ကွက်နေ ကျော်လင်းအောင်(ဘ)ဦးခင်မောင်ညွန့် ၇/မညန(နိုင်)၀၈၈၉၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# တာဝန်တစ်ရပ်ရပ်ဖြင့် ရီးယဲလ်မက်ဒရစ်အသင်းထံ ပြန်လာမည်ဟု ကွင်းလယ်ကစားသမားဟောင်း တိုနီခရူးစ်အတည်ပြုပြောကြား




မက်ဒရစ် နိုဝင်ဘာ ၁၇

ရီးယဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမားဟောင်း တိုနီခရူးစ်က တာဝန်တစ်ရပ်ရပ်ဖြင့် အသင်းဟောင်း ရီးယဲလ်မက်ဒရစ်အသင်းထံ တစ်ကျော့ပြန်လာမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ် ဝါရင့်ကစားသမား တိုနီခရူးစ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၇ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းနှင့်စတင်ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ကာ အသင်းတွင် ဆယ်စုနှစ်တစ်ခုကြာကစားခဲ့ပြီး ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့၍ အသင်းဂန္ထဝင်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသူဖြစ်သည်။

တိုနီခရူးစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းက ထပ်မံသက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုသော်လည်း တိုနီခရူးစ်ကိုယ်တိုင်က ငြင်းဆန်ခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်သည်။

တိုနီခရူးစ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ဆယ်စုနှစ်တစ်ခုကြာကစားခဲ့ပြီး ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀၆ ပွဲအထိပါဝင်ကစားခဲ့ကာ သွင်းဂိုး ၂၂ ဂိုးသွင်းယူနိုင်ခဲ့ပြီး ချန်ပီယံဖလားနှင့် စပိန်လာလီဂါဖလား အပါအဝင် ဆုဖလားအများအပြားကို ဆွတ်ခူးနိုင်ခဲ့သည်။

တိုနီခရူးစ်သည် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာခဲ့ပြီးနောက် တခြားအသင်းများသို့ ပြောင်းရွှေ့ကစားခြင်းမရှိတော့ဘဲ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှအနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီကိုယ်တိုင်ကလည်း တိုနီခရူးစ်အနေဖြင့် မကြာမီ အသင်းထံပြန်လာလိမ့်မည်ဟု အတည်ပြုပြောကြားထားသည်။

တိုနီခရူးစ်က "ကျွန်တော် အမြဲတမ်း ရီးယဲလ်မက်ဒရစ်အသင်းနဲ့နီးစပ်မှုရှိပြီး အသင်းဘက်က အမြဲရပ်တည်သွားမှာပါ။ ဒီကလပ်အသင်းနဲ့ပတ်သက်ပြီး ဘယ်လိုအလုပ်မျိုးကိုလုပ်ဆောင်ရပါစေ ကျွန်တော် ငြင်းဆန်မှာမဟုတ်ပါဘူး။ တာဝန်တစ်ရပ်ရပ်နဲ့အသင်းထံ ပြန်လာမှာပါ"ဟု ပြောသည်။

**Ref;Goal.com**

# ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ပေါ့ဂ်ဘာကို ဆော်ဒီကလပ်အသင်းများက ခေါ်ယူရန်ပြင်ဆင်

ရောမ နိုဝင်ဘာ ၁၇

ဂျူဗင်တပ်စ်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ကွင်းလယ်ကစားသမားပေါ့ဂ်ဘာကို ဆော်ဒီထိပ်တန်းကလပ်အသင်းများက ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

တားမြစ်ဆေးသုံးစွဲမှုကြောင့် ကာလရှည်ပွဲပယ်ပြစ်ဒဏ်ကျခံနေရသည့်ပေါ့ဂ်ဘာသည် အယူခံအောင်မြင်သည့်အတွက် လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်နိုင်မည်ဖြစ်သည့်အတွက် ဂျူဗင်တပ်စ်အသင်းနှင့် စာချုပ်ဖျက်သိမ်းပြီးနောက် ကလပ်အသင်းသစ်သို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ပေါ့ဂ်ဘာအနေဖြင့် လက်ရှိတွင် အမေရိကန်နိုင်ငံ မိုင်ယာမီ၌ လေ့ကျင့်မှုများပြုလုပ်နေသည့်အတွက် မေဂျာလိဂ်ကလပ်အသင်းများနှင့် သတင်းများထွက်ပေါ်နေသော်လည်း ဆော်ဒီထိပ်တန်းကလပ်အသင်းများဖြစ်သည့် အယ်ဟီလယ်အသင်းနှင့် အယ်နာဆာအသင်းတို့က မြင့်မားသည့်လုပ်ခလစာများဖြင့် အပြိုင်ကမ်းလှမ်းမှုများလုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref;Fabrizio Romano**

# ဘိုင်ယန်မြူးနစ်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် အဲရစ်ဒိုင်ယာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် ဂျူဗင်တပ်စ်အသင်းကြိုးပမ်းနေ

ရောမ နိုဝင်ဘာ ၁၇

ဂျူဗင်တပ်စ်အသင်းက ယခုဘောလုံးရာသီအကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဝါရင့်ခံစစ်ကစားသမား အဲရစ်ဒိုင်ယာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

လက်ရှိ ဂျူဗင်တပ်စ်အသင်းခံစစ်ပိုင်းတွင် ဘရီမာနှင့် ကာဘာယ်တို့အနေဖြင့် ဒဏ်ရာအသီးသီးရရှိနေပြီး ယခုဘောလုံးရာသီကုန်ဆုံးချိန် ပါဝင်ကစားနိုင်ရန် မသေချာသည့်အခြေအနေများကြောင့် ဂျူဗင်တပ်စ်အသင်းက ခံစစ်ပိုင်းကို အင်အားဖြည့်တင်းရန်အတွက် အဲရစ်ဒိုင်ယာကို ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၃၀ အရွယ် အဲရစ်ဒိုင်ယာသည် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလက စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားပြီးနောက် ရာသီအကုန်တွင် အပြီးသတ်စာချုပ်ချုပ်ဆိုကာ ကစားနေသူဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်းမှာလည်း ယခုဘောလုံးရာသီတွင် ကုန်ဆုံးမည်ဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းကလည်း အသင်းခံစစ်ပိုင်း လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အဲရစ်ဒိုင်ယာကို ကနဦး ရာသီကုန်အထိ အငှားစာချုပ်ဖြင့်ခေါ်ယူကာ ရာသီကုန်ချိန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အပြီးသတ်ခေါ်ယူနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းက အသင်းခံစစ်ပိုင်းအတွက် အဲရစ်ဒိုင်ယာအပြင် မန်ယူအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် ခံစစ်ကစားသမား မက်ဂွိုင်ယာကိုလည်း အငှားစာချုပ်ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

**Ref;Fotmob**

# အန်တိုနီအနေဖြင့် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှထွက်ခွာမည်မဟုတ်ကြောင်း အေးဂျင့်ဖြစ်သူပြောကြား

မန်ချက်စတာ နိုဝင်ဘာ ၁၇

မန်ယူအသင်းတောင်ပံကစားသမား အန်တိုနီ၏ အေးဂျင့်ဖြစ်သူ ပီဒရိုဆိုက အန်တိုနီအနေဖြင့် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှထွက်ခွာမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၂၄ နှစ်အရွယ် အန်တိုနီသည် ၂၀၂၂ ခုနှစ်က အေဂျက်ဇ်အသင်းမှ မန်ယူအသင်းထံပြောင်းရွှေ့ကစားခဲ့ပြီး အသင်းတွင် ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် အနာဂတ်မရေမရာဖြစ်နေသူဖြစ်သည်။

အန်တိုနီသည် အေဂျက်ဇ်အသင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း မန်ယူအသင်း၌ ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရုန်းကန်ခဲ့ရကာ အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင် ၄၄ ပွဲကစားခွင့်ရရှိခဲ့သော်လည်း သုံးဂိုးသာသွင်းယူနိုင်ခဲ့ပြီး ဒုတိယဘောလုံးရာသီတွင် ၃၈ ပွဲအထိပါဝင်ကစားခဲ့ရာ နှစ်ဂိုးသာသွင်းယူနိုင်သည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

အန်တိုနီသည် ယခုဘောလုံးရာသီတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိဘဲ ရုန်းကန်နေရကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း နှစ်ပွဲသာပါဝင်ကစားခဲ့ရသည်။ မန်ယူအသင်းကလည်း လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အန်တိုနီကို အပြီးသတ်ရောင်းချနိုင်ခြင်းမရှိပါက အငှားစာချုပ်ဖြင့်စေလွှတ်မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း အေးဂျင့်ပီဒရိုဆိုက အသင်းမှထွက်ခွာမည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။



**Ref;Fabrizio Romano**

# ထိုင်းဈေးရောင်းပွဲတော်ကုန်စည်ပြပွဲ ရန်ကုန်မြို့၌ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ထိုင်းနိုင်ငံ၏လူကြိုက်အများဆုံးနှင့် အကောင်းဆုံးဖက်ရှင်၊ အစားအသောက်၊ အိမ်သုံးပစ္စည်း၊ ကျန်းမာရေးနှင့်အလှအပ စသည့်ကဏ္ဍမျိုးစုံပါဝင်ပြသမည့် ထိုင်းဈေးရောင်းပွဲတော်ကုန်စည်ပြပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၆ ရက်မှ ၈ ရက်ထိ ရန်ကုန်မြို့ Yangon Convention Center ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် ထိုင်းနိုင်ငံ၏အရည်အသွေးပြည့်မီသောကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် နေ့စဉ်သုံး အသုံးအဆောင်ပစ္စည်းများ၊ ထိုင်းနိုင်ငံ၏ ထိပ်တန်းစတိုင်လ်လစ်များကိုယ်တိုင်ဖန်တီးထားသည့် Accessories များ၊ အရသာရှိသောအသင့်စားစားသောက်ကုန်များ၊ မြန်မာလူမျိုးများ နှစ်ခြိုက်အားပေးနေသည့် မိတ်ကပ်နှင့် Skincare ပစ္စည်းများ၊ အိမ်သုံးနှင့်မီးဖိုချောင်သုံးပစ္စည်းများ၊ ခေတ်မီလှပသော နောက်ဆုံးပေါ်ပစ္စည်းထုပ်ပိုးမှု ဝန်ဆောင်မှုများနှင့် ကုန်ပစ္စည်းများ ပါဝင်ပြသကြမည်ဖြစ်သည်။

ထို့အတူ ထိုင်းနိုင်ငံအတွင်းသာမက နိုင်ငံတကာတွင် ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများနှင့် Partnership အခွင့်အလမ်းများ၊ ထိုင်းနိုင်ငံအတွင်းရှိ နောက်ဆုံးပေါ်ထိပ်တန်းကျန်းမာရေးဝန်ဆောင်မှုများနှင့် ကျန်းမာရေးဆိုင်ရာထုတ်ကုန်များ၊ အရည်အသွေးပြည့်မီသော ထိုင်းထုတ်ကုန်ပစ္စည်းများနှင့် ထိုင်းအစားအစာများ၊ အချိုယမကာများကို ဈေးနှုန်းချိုသာစွာဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထိုင်းဈေးရောင်းပွဲတော်ကုန်စည်ပြပွဲတွင် သာယာနာပျော်ဖွယ်ကောင်းသော ထိုင်းရိုးရာအကအလှများနှင့် တူရိယာတီးခတ်မှုများ၊ ထိုင်းသစ်သီးပုံဖော်ပွဲ၊ ထိုင်းရိုးရာဟင်းချက်ပြပွဲ၊ မြန်မာနိုင်ငံရှိ ထိပ်တန်းအနုပညာရှင်အဆိုတော်များ၊ ထင်ရှားကျော်ကြားသည့်အနုပညာရှင်များ၏ ကပြဖျော်ဖြေမှုများနှင့်အတူ သီဆိုဖျော်ဖြေမှုများဖြင့် တင်ဆက်ကြမည်ဖြစ်သည်။

ပြပွဲအား ယင်းနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဝင်ကြေးအခမဲ့ဖြင့် ပြသရောင်းချမည့်အပြင် လာရောက်အားပေးသူများအတွက် Lucky Draws အစီအစဉ်များ ထည့်သွင်းထားရှိကြောင်း သိရသည်။

**ဝန်းရံခ**

# အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် မြန်မာအသင်းက ဗီယက်နမ်အသင်းကိုရှုံးနိမ့်



**ရန်ကုန် နိုဝင်ဘာ ၁၇**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိနေသည့် အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းနှင့် ဗီယက်နမ်အသင်းတို့ ကစားခဲ့ရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းက ၅ ဂိုး ၂ ဂိုးဖြင့်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းက ဗီယက်နမ်အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ပြီး နမ်ဆိုင်းဘရမ်နှင့် ဆက်နွယ်နီတို့၏ သွင်းဂိုးများနှင့်အတူ ၂ ဂိုး ၁ ဂိုးဖြင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် ချေပဂိုးအတွက် လိုအပ်နေသည့် ဗီယက်နမ်အသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ ဗီယက်နမ်အသင်းက လေးဂိုးထိသွင်းယူနိုင်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းက ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ဗီယက်နမ်အသင်းက မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းကို ၅ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းအနေဖြင့် အုပ်စုပွဲစဉ်နှစ်ပွဲကစားခဲ့ရာ ဖိလစ်ပိုင်အသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ယခုပွဲစဉ်တွင် ဗီယက်နမ်အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် တစ်ပွဲသရေ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားကာ အုပ်စုလက်ကျန်ပွဲစဉ်များအဖြစ် နိုဝင်ဘာလ ၁၈ ရက် **(ယနေ့)**မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ထိုင်းအသင်းနှင့်လည်းကောင်း၊ နိုဝင်ဘာလ ၁၉ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့်လည်းကောင်း အသီးသီးကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်ဖမ်းဆီးရမိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် နိုဝင်ဘာ ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**နိုဝင်ဘာလ ၁၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းပစ္စည်း (၂) မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၇၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုဝင်ဘာလ ၁၇ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပန်းတောင်းမြို့နယ် ရွှေဘုံသာကျေးရွာအုပ်စု နဝဒေးတံတားစစ်ဆေးရေးဂိတ်၌ ပြည်မြို့မှ ပန်းတောင်းမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် ရေနံစိမ်း အနှစ်ဂါလန်(၃၂၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၈၈၀၀)နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် Nissan Diesel ဆီသယ်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၆၁၂) တန်၊ သစ်မာ(၈ ဒသမ ၇၀၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၄၀၅၆)ကို သစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၈၁၂၈၅၆)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၄၃၀၂၅၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများနှင့်တရားမဝင်သယ်ဆောင်မှုများကြောင့် ပြည်တွင်းဈေးကွက်၌ ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေခြင်းများဖြစ်ပေါ်စေနိုင်သကဲ့သို့ အရည်အသွေးမပြည့်ဝသည့်ကုန်စည်များကြောင့် စားသုံးသူပြည်သူများအတွက် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်ပစ္စည်းတင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

**(သတင်းစဉ်)**

# ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၁၇-၁၁-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၁.၀ | ၃၃.၈ |
| ပြင်ဦးလွင်မြို့ | ၇.၀ | ၄၄.၆ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၇.၁ | ၄၄.၈ |
| တီးတိန်မြို့ | ၇.၃ | ၄၅.၁ |
| လွိုင်လင်မြို့ | ၈.၇ | ၄၇.၇ |
| ဟဲဟိုးမြို့ | ၉.၂ | ၄၈.၆ |
| မိုင်းယန်းမြို့ | ၁၀.၀ | ၅၀.၀ |

❍ **ကျောဖုံးမှအဆက်**

ဇင်ဖြိုးအောင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ရွှေပြည်သာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆ မိနစ်တွင် ချစ်ထွေးနှင့် ပွဲချိန် ၄၃ မိနစ်တွင် နိုင်လင်းထက်တို့က သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို မြင့်နိုင်သူက ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီတွင် စလင်းအားကစားကွင်း၌ ချင်းလန်းအသင်းနှင့် Glory Goal အသင်းတို့ကစားခဲ့ရာ ချင်းလန်းအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချင်းလန်းအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၇၃ မိနစ်တွင် ဝေယံထွေးက သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ချင်းလန်းအသင်းမှ ကျော်စွာထက်က ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၁၂)ပွဲစဉ်များအဖြစ် နိုဝင်ဘာလ ၁၈ ရက် **(ယနေ့)**ညနေ ၃ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ငွေကြယ်ပွင့်လေးများအသင်း၊ ညနေ ၃ နာရီတွင် ဇေယျာဝတီ ရိန်းဂျားအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
(ASEAN-OSHNET AWARD)
BEST Practices Award
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
STARMART nine mile
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
RHINO
TRISTAR

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **"ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့်သိပ္ပံနယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များလိုအပ်...**

❖ **လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ် (၂)ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် University အသင်းနှင့် ချင်းလန်းအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ University အသင်းနှင့် ချင်းလန်းအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၂) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်း၌ University အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ University အသင်းက ၄ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး University အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်တွင် ရွှေပြည်သာယူနိုက်တက်အသင်းမှ သောင်းဇော်မြတ်က ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့သည့်အတွက် ဦးဆောင်ဂိုးရရှိခဲ့ကာ ပွဲချိန် ၄၉ မိနစ်နှင့် ၈၃ မိနစ်တို့တွင် အောင်မြင့်မြတ်၊ ပွဲချိန် ၇၃ မိနစ်တွင်

စာမျက်နှာ ၃၀ ကော်လံ ၃ ➲




နိုင်ငံတကာ သတင်း

# ထိုင်ဝမ်ကျွန်းနှင့်တောင်တရုတ်ပင်လယ်အရေးတို့ကို အထူးသတိထားရန် ရှီကျင့်ဖျင်က ဂျိုးဘိုင်ဒင်ကိုတောင်းဆို

လီမာ၊ ဆက်ဆံရေး

အမေရိကန်အစိုးရအနေဖြင့် ထိုင်ဝမ်ကျွန်းအရေးနှင့် တောင်တရုတ်ပင်လယ်အရေးတို့ကိုကိုင်တွယ်ရာတွင် အထူးသတိထားရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကို တောင်းဆိုလိုက်ကြောင်းသိရသည်။

ထို့ပြင် တောင်တရုတ်ပင်လယ်အရေးတွင်လည်း မီးလောင်ရာလေပင့်သဘောမျိုးလုပ်ဆောင်နေခြင်းကို ရှောင်ရှားရန်လည်း ရှီကျင့်ဖျင်က ဂျိုးဘိုင်ဒင်ကို တိုက်တွန်းလိုက်သည်။

ရှီကျင့်ဖျင်နှင့်ဂျိုးဘိုင်ဒင်တို့သည် ပီရူးနိုင်ငံ

စာမျက်နှာ ၂၃ ကော်လံ ၁ ➲



## ဘင်္ဂလားဒေ့ရှ်၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၄၀၀ အထက်ကျော်လွန်လာ

စာ - ၂၃ သို့

## မဏိပူရ၌ဖြစ်ပွားသော အကြမ်းဖက်ဆန္ဒပြမှုများအတွက် ရဲတပ်ဖွဲ့က လူ ၂၃ ဦးကိုဖမ်းဆီးထား

စာ - ၂၃ သို့

## အမေရိကန်၌ Clade I အမျိုးအစား မျောက်ကျောက်ရောဂါ ပထမဆုံးဖြစ်ပွား

စာ - ၂၃ သို့

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၀၁၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စာ - ၁၇ သို့

## တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်ဖမ်းဆီးရမိ

စာ - ၃၀ သို့

